ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။
၁၃၇၅ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ကြာသပတေးနေ့ (30-1-2014) (၇၇၆၁)

## ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

**ထူးခြားသည့် ညအပူချိန်များ**

| | |
|---|---|
| ဟားခါး | ၂ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၄ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၅ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၅ ဒီဂရီစင်တီဂရိတ် |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဖင်လန်နိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ကာစတီ ဝက်စ်ဖာလန်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်နိုင်ငံ သံအမတ်ကြီး မစ္စ ကာစတီ ဝက်စ်ဖာလန်အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

## ယ နေ့ မ ာ တိ က ာ

| | | |
|---|---|---|
| ယူကရိန်းအတွက် ပုပ်ရဟန်းမင်းကြီး လွှတ်ပေးသော ငြိမ်းချမ်းရေး ချိုးနှစ်ကောင်ကို ငှက်ကြီးများတိုက်ခိုက် | လျှပ်စစ်စွမ်းအင်သုံး အင်ဂျင်စွမ်းအင်မြင့် VOLAR-E | အာဆီယံနိုင်ငံများ၏ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၁၄ ကျင်းပမည် |
| စာမျက်နှာ - ၄ | စာမျက်နှာ - ၁၀ | စာမျက်နှာ - ၁၁ |

ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းနယ်မြေများဖြစ်သော ဝါတန်း(၆)နှင့် ကိုင်းတန်း(၁) ဆိပ်ခံဇောတံတားတို့တွင် ဆိုက်ကပ်ထားသည့် မြိတ်-ရန်ကုန်ပြေးဆွဲနေသော m.v သမုဒယသင်္ဘောနှင့် m.v ရတနာထိုက်အောင်သင်္ဘောများပေါ်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်၊ ပုလောနှင့် ကျွန်းစုမြို့နယ်ဒေသထွက်ကုန်ပစ္စည်းများဖြစ်သော ကွမ်းသီး ၁၃၇၇ အိတ်နှင့် ငါးမှုန့်အိတ် ၈၄၅၁ အိတ်အပြင် အခြားဒေသထွက်ကုန်ပစ္စည်းများပါရှိကြောင်း သိရသည်။ ကျော်မြင့်အေး(ပြန်/ဆက်)

# BRT စနစ် မစတင်နိုင်သေးမီ သယ်ယူပို့ဆောင်ရေးကဏ္ဍအား ဖွံ့ဖြိုးတိုးတက်ရန် ဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုကို ဖြေလျှော့နိုင်ရန်အတွက် BRT (Bus Rapid Transit) စနစ် မစတင်နိုင်သေးမီအခြေအနေတွင် အများပြည်သူများအား လတ်တလော သွားလာမှုအဆင်ပြေချောမွေ့စေနိုင်သည့် အမြန်ယာဉ်သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုကို စမ်းသပ်ပြေးဆွဲရန် တင်ပြထားသည်များနှင့် ပတ်သက်၍ ဇန်နဝါရီ ၂၈ ရက် ညနေ ၅ နာရီခွဲတွင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီရုံး၌ အစည်းအဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် BRT စနစ်ဖြစ်ပေါ်လာရန်အတွက် လက်ရှိပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များ၏ အခြေအနေများ၊ လမ်းအနေအထားများ၊ ပြုပြင်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား ပို့ဆောင်ရေးကဏ္ဍနှင့် ပတ်သက်သည့် ဌာနဆိုင်ရာအသီးသီးများနှင့် BRT စနစ်လုပ်ဆောင်ရန် တင်ပြထားသည့် Omni Focus ကုမ္ပဏီလီမိတက်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

"BRT စနစ် လုပ်ဆောင်ဖို့အတွက် ဆွေးနွေးတဲ့အဆင့်ပဲရှိပါသေးတယ်။ အကောင်အထည်ဖော်ဖို့ မရှိသေးပါဘူး။ မြန်မာပြည်ရဲ့ လမ်းအနေအထားအရတော့ နည်းပညာ အထောက်အကူပြုအဖွဲ့တွေ တင်ပြထားတဲ့အတိုင်းပဲ ရှိပါသေးတယ်"ဟု လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က ပြောသည်။

ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးကို ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်အောင် မည်သို့လုပ်ဆောင်ရမည်များကို ထည့်သွင်းဆွေးနွေးခဲ့ပြီး နည်းပညာ အထောက်အကူပြုအဖွဲ့၏ အကြံဉာဏ်နှင့် သက်ဆိုင်ရာ ကုမ္ပဏီ၏ အကြံဉာဏ်များရယူ၍ ခရီးသည်တင်ယာဉ်လိုင်းများ၏ စည်းကမ်းစနစ်တကျ သွားလာနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း မထသ(ဗဟို)ဥက္ကဌ ဦးလှအောင်က ပြောသည်။

"BRT စနစ်ဖြစ်ဖို့ဆိုတာ အလွယ်တကူ ပြုလုပ်လို့မရပါဘူး။ အခြေခံလိုအပ်ချက်တွေ အများကြီးလိုအပ်ပါသေးတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ *

ကြေးမုံစာတည်းရှုထောင့် ၃၀-၁-၂၀၁၄၊ ကြာသပတေးနေ့

# ကျွမ်းကျင်လုပ်သား

ကျွမ်းကျင်လုပ်သား ရှားပါးမှုကြောင့် ၂၀၁၅ အာဆီယံလွတ်လပ်ကုန်သွယ်ရေးနှစ်တွင် မြန်မာလုပ်သားဈေးကွက် ကျဆင်းနိုင်ကြောင်းဖြင့် ပထမအကြိမ်ပြုလုပ်သည့် ပြည်ပအလုပ်အကိုင်ပြပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအနေဖြင့် သင်တန်းကျောင်းများ ဖွင့်လှစ်သင့်ကြောင်း၊ သို့မဟုတ်က ပြည်ပဈေးကွက်တွင် မြန်မာလုပ်သားခေါ်ယူမှု ကျဆင်းပြီး ဈေးကွက်ပျောက်သွားနိုင်ကြောင်း၊ မြန်မာလုပ်သားဈေးကွက် ဦးမော့လာရန် အေဂျင်စီများ လုပ်သာကိုင်သာရှိအောင် ဝန်ကြီးဌာနကလည်း ဆောင်ရွက်ပေးလျက်ရှိနေကြောင်း ဆက်လက်ရှင်းပြခဲ့သည်။

လက်ရှိတွင် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေကြသည့် မိမိတို့နိုင်ငံသားများသည် ကျွမ်းကျင်အဆင့် လုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်နေမှုထက် အထွေထွေလုပ်ကိုင်မှုများနေကြောင်း သိရသည်။ မိမိတို့နိုင်ငံတွင် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီပေါင်း ၁၈၀ ခန့်ရှိနေပြီး နိုင်ငံပေါင်း ၁၅ နိုင်ငံကျော်သို့ အလုပ်သမားများ စေလွှတ်ပေးလျက်ရှိနေသည်။

အေဂျင်စီတစ်ခုလျှင် ၎င်းတို့နှင့် ဆက်နွယ်သည့်ပညာရပ်ဆိုင်ရာ သင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးနိုင်မည်ဆိုပါလျှင် နိုင်ငံခြား၌ ကျွမ်းကျင်အဆင့်လုပ်ကိုင်နိုင်မည့် သင်တန်းကျောင်းပေါင်း ၁၈၀ ခန့် ရှိလာနိုင်သည်။ ဖြစ်လည်းဖြစ်သင့်သည့် အချက်တစ်ချက်ဖြစ်သည်။ မိမိတို့နိုင်ငံသားများ သိက္ခာရှိရှိ ရပ်တည်လုပ်ကိုင်ခွင့်ရလာစေရန် အေဂျင်စီများက စီစဉ်ဆောင်ရွက်ပေးသင့်သည်။ တစ်ဖက်တွင်လည်း ဝန်ကြီးဌာနက လုပ်သာကိုင်သာရှိအောင် ဆောင်ရွက်နေပြီဖြစ်ရာ သင်တန်းကျောင်းများ ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက်ရှိနေကြသည်။

တစ်ဖက်တွင်လည်း တိုးတက်လာသော စီးပွားရေးနှင့်အတူ ပြည်ပမှ ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုအတွက် ကျွမ်းကျင်အလုပ်သမားများ လိုအပ်မှုကို ဖြည့်ဆည်းနိုင်ရေးအတွက် သက်မွေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ရေး နိုင်ငံတော်က စီစဉ်လျက်ရှိသည်။ လာမည့်သုံးနှစ်အတွင်း မြန်မာနိုင်ငံအနှံ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်များနှင့် အနီးအနားနေရာများတွင် GTI ကျောင်းပေါင်း ၃၀ တိုးချဲ့ဖွင့်လှစ်သွားမည်ဟု သိရသည်။

တစ်နှစ်လျှင် ၁၀ ကျောင်းနှုန်းဖြင့် သုံးနှစ်ဆက်တိုက်တည်ဆောက်သွားရန် ဝန်ကြီးဌာနက စီစဉ်နေကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။ လက်ရှိတွင် သက်မွေးသင်တန်းကျောင်း ကိုးကျောင်းသာရှိရာ လာမည့်သုံးနှစ်အတွင်း ၃၉ ကျောင်းဖြစ်လာမည်။ ၁၈၀ ခန့်သော အေဂျင်စီများကလည်း သင်တန်းကျောင်းများ ဆက်တိုက်ဖွင့်လှစ်လာမည်ဆိုပါလျှင် မိမိတို့နိုင်ငံ၏ လုပ်သားများ သွားရောက်လုပ်ကိုင်ရာနိုင်ငံတိုင်း၌ ကျွမ်းကျင်ပညာရှင်အဆင့်နှင့် နိုင်ငံ့ဂုဏ်ဆောင်လာနိုင်မည်ဟု ရှုမြင်မိပါသတည်း။ ။

## ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုဦး နည်းပညာသုတေသနဌာန (ပြင်ဦးလွင်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇန်နဝါရီ ၂၅ ရက်တွင် နည်းပညာ သုတေသနဌာန (ပြင်ဦးလွင်)သို့ ရောက်ရှိကာ ဌာနတာဝန်ခံ၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများနှင့်တွေ့ဆုံပြီး နည်းပညာသုတေသနဌာန (ပြင်ဦးလွင်)ရှိ CNC Control သုတေသနဌာန၊ CNC သုတေသနဌာနနှင့် Production Technology သုတေသနဌာနတို့ရှိ ရိုးရိုးတွင်ခုံ၊ ဖောက်ခုံများအား PC Based CNC Lathe Machine များအဖြစ်သို့ ပြုပြင်ပြောင်းလဲခြင်း၊ သုတေသနလုပ်ငန်းများအား အောင်မြင်စွာဆောင်ရွက်ပြီးစီးမှုနှင့် ပိုမိုကောင်းမွန်သည့် အရည်အသွေးမြင့် PC Based CNC Lathe Machine များ ဆက်လက်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဌာနတာဝန်ခံက နိုင်ငံခြားမှ မှာယူတင်သွင်းနေရသည့် CNC စက်ပစ္စည်းများနေရာတွင် ပြည်တွင်းထုတ်စက်များနှင့် ဈေးနှုန်းသက်သာစွာအသုံးပြုနိုင်ခြင်း၊ ထုတ်လုပ်တပ်ဆင်ပြီး CNC စက်များအား ပုဂ္ဂလိကလုပ်ငန်းများသို့ ဈေးနှုန်းသက်သာစွာဖြင့်ငှားရမ်းပေးနိုင်ခြင်း၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများရှိ ကျောင်းသားကျောင်းသူများ၏ သင်ထောက်ကူပစ္စည်းများအဖြစ် လက်တွေ့လုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် CNC နှင့် CAD/CAM Technology သာမက Machine Control ပိုင်း သိရှိနားလည်စေနိုင်သည့် အကျိုးကျေးဇူးများ ရရှိမှုတို့အား ရှင်းလင်းတင်ပြသည်။

ယင်းနောက် နည်းပညာသုတေသနဌာနတွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့တွင်အသုံးပြုရန် စမ်းသပ်ထုတ်လုပ်လျက်ရှိသည့် Automobile Technology ဆိုင်ရာသင်ထောက်ကူပစ္စည်းများ၊ Automobile Training Kit ဖြစ်သည့် Lighting System၊ Ignition System၊ StartingSystem နှင့် Charging System များ၊ Acrylics Sheet ကို အသုံးပြု၍ သင်ထောက်ကူ ပစ္စည်းများအဖြစ် Hydraulic Brake System၊ Anti-Lock Brake System (ABS)၊ Turbo Charging System နှင့် Valves Train System စသည့် Teaching Aid Model များကို စမ်းသပ်ဆောင်ရွက်နေမှုများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်လျက်ရှိသော လျှပ်စစ်စွမ်းအားရရှိစေရန် ပတ်ဝန်းကျင်မှ ရရှိနိုင်သောရေအရင်းအမြစ်ကို အသုံးပြု၍ လည်ပတ်နိုင်သောအသေးစား ရေအားလျှပ်စစ် တာဘိုင်များကို သုတေသနပြုထုတ်လုပ်နေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း(၅)ဖွဲ့တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် INGOs (၅)ဖွဲ့တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် INGOs ၁၅ ဖွဲ့နှင့် MoU လက်မှတ်ရေးထိုးပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် UNAgencies၊ INGOs အဖွဲ့အစည်း ရှစ်ခုနှင့် MoU/LOA များ ရေးထိုးပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့တွင် INGOs (၅) ဖွဲ့နှင့် MoU လက်မှတ်ရေးထိုးပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ပြီး လက်မှတ်ရေးထိုးကြမည့် Association for Aid and Relief (Japan)အဖွဲ့သည် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဖြစ်ကာMercy Corps(MC), Myanmar အဖွဲ့သည် ကယားပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းသွားလာနေထိုင်သူများ၊ တစ်ဖက်နိုင်ငံမှ ပြန်လာသူများနှင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ဒေသခံရပ်ရွာလူထုအား ပံ့ပိုးကူညီပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ကြမည့် အဖွဲ့များဖြစ်ပါကြောင်း၊ အလားတူ The Lutheran World Federation, OXFAM, Welthun gerhife တို့ကလည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ ပညာရေးနှင့် ကျန်းမာရေးပညာပေးခြင်း၊ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာပညာပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်များကြောင့် ပြန်လည်ထူထောင်ရေး၊ ကျေးလက်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများမှာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြမည့် အဖွဲ့အစည်းများ အားလုံးကို နိုင်ငံတော်အစိုးရ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ INGOs (၅)ဖွဲ့တို့နှင့်အတူ အပြန်အလှန်နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

| | [illegible] | [illegible] ၂၉ |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၆၂၀၀၀ | - ၆၆၃၁၀၀ |
| မန္တလေး ရွှေဈေး | ၆၆၁၇၀၀ | - ၆၆၂၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၀ | ကျပ် |
| (ခ) အောက်တိန်း95 | တစ်လီတာ | ၁၁၀၀ | ကျပ် |
| (ဂ) အောက်တိန်း92 | တစ်လီတာ | ၉၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၇. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၄၇. ၉ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၅. ၂၇ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၃. ၁၂ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၀. ၀၀၀ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၇. ၀၃ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၇၇၃ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၅၆. ၄၉ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၀၅၈ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၀. ၄၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Ehsan Ullah Batth အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ စစ်သံမှူး Colonel Azhar Yasin လည်း တက်ရောက်သည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံသမိုင်းကြောင်းရှည်လျားစွာဖြင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ခဲ့မှု အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အိမ်နီးနားချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနှင့်အညီ ဆက်ဆံနေထိုင်ရေးကိစ္စရပ်များ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူလူထု တည်ငြိမ်အေးချမ်းမှု ရရှိရေးတို့အတွက် တပ်မတော်က ဦးဆောင်၍ ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်မှု အခြေအနေများ၊ ဘာသာရေးနှင့်ပတ်သက်၍ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပြုထားမှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ပြုမူနေထိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Hagay Moshe Behar အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၆၀)ကျော်ကြာမြင့်ခဲ့ပြီး ဆက်ဆံရေးလွန်စွာကောင်းမွန်မှုများ ရှိခဲ့ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် အခြေခံဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုများမှာ လွန်ခဲ့သည့် နှစ်(၂၀)ကျော်မှစပြီး စနစ်တကျဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများအပေါ် အစ္စရေးနိုင်ငံမှ အသိအမှတ်ပြု အားပေးကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပဏာမဆွေးနွေးပြောကြားသည်။

ထို့နောက် အစ္စရေးနိုင်ငံသံအမတ်ကြီးက မြန်မာနိုင်ငံ၏သမိုင်းတွင် တပ်မတော်သည် အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်ခဲ့သည်ကို သံသယမရှိပါကြောင်း၊ လက်ရှိပြုပြင်ပြောင်းလဲမှုများတွင်လည်း တပ်မတော်က ခိုင်မာစွာရပ်တည်ပါဝင်မှုကို သိရှိနားလည်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်ခွဲခန့်မှစပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများတွင် အပြုသဘောဆောင်ကာ လွန်စွာတိုးတက်ကောင်းမွန်မှုရှိကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အစ္စရေးနိုင်ငံသံအမတ်ကြီးတို့သည် နှစ်နိုင်ငံမှာ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည့် တူညီသောအခြေအနေရှိပြီး တပ်မတော်က နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်ထိန်းသိမ်းနေကြရသဖြင့် တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည်ဆက်ဆံပြီး နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား အကျိုးဖြစ်ထွန်းမည့် ကိစ္စရပ်များတွင် နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ လေတပ်ဦးစီးချုပ်၏ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ လေတပ်ဦးစီးချုပ် Air Marshal Muhammad Emamul Basic Ndu Psc ၏ ဇနီးဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် ညနေ ၃ နာရီတွင် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြက အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအဆင့်ဆင့်၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသမီးများ၏ မြန်မာ့လက်မှုပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများ ခင်းကျင်းပြသထားမှု၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့၏ လူမှုရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊အသေးစားချေးငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။**(ဝဲပုံ)**

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

Since 1994
Y.E.S. International English Language Centre
Intermediate English | Mon to Thurs 1:00-3:00pm | 3 Feb
Academic Writing Course | Sat & Sun - 5:00-7:00pm | 1 Feb
Academic Preparation for IELTS (API) | Mon to Thurs- 10:00-12:30pm | 3 Feb
IELTS | Sat & Sun 10:30-12:30 pm | 1 Feb
IELTS | Sat & Sun 1:00-3:30 pm | 1 Feb
SAT | Mon to Thurs 3:30-5:00 pm | 3 Feb
TOEFL | Mon to Thurs 3:30-7:00 pm | 3 Feb
ဖွင့်မည်။
No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. ☎ 243950

ယူကရိန်းနိုင်ငံ ပါလီမန်တွင် ဆန္ဒပြသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး ဆွေးနွေးနေကြစဉ်။

# ယူကရိန်းပါလီမန်တွင် ဆန္ဒပြသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး ဆွေးနွေးလျက်ရှိ

ကီယက်ဗ် ဇန်နဝါရီ ၂၉

**ယူကရိန်းနိုင်ငံတွင် အစိုးရကိုဆန့်ကျင်သော ဆန္ဒပြပွဲများ၌ ဖမ်းဆီးခဲ့သော ဆန္ဒပြသူများကို လွတ်ငြိမ်းချမ်းသာခွင့် ပေးဖွယ်ရှိရာ ပါလီမန်က စတင်ဆွေးနွေးလျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

သမ္မတ ဗစ်တာယာနူကိုဗစ်ချ်က ၎င်းအနေဖြင့် ဆန္ဒပြသူများသည် အစိုးရအဆောက်အအုံများမှ ထွက်ခွာရန်၊ အတားအဆီးများအား ဖယ်ရှားပေးရန်၊ ခြွင်းချက်ဖြင့်လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်အလိုရှိသည်ဟု ပြောကြားသည်။

ယခုအချိန်အထိ အဆိုပါအချက်များကို အတိုက်အခံတို့ကငြင်းပယ်ထားပြီး ရွေးကောက်ပွဲကို စောစီးစွာကျင်းပ ပေးရန် တောင်းဆိုလျက်ရှိကြသည်။

အင်္ဂါနေ့တွင် ဝန်ကြီးချုပ် မိုင်ကိုလာအဇာရော့ဗ်နှင့် ၎င်း၏အစိုးရအဖွဲ့မှာ နုတ်ထွက်သွားကြပြီဖြစ်သည်။

အတိုက်အခံဆန္ဒပြသူများကို အကြီးမားဆုံးသော လိုက်လျောချက်တစ်ရပ်အဖြစ် ဆန္ဒပြသူများကို အရေးယူမည့် အငြင်းပွားဖွယ်ဥပဒေအား ပါလီမန်က ဖျက်သိမ်းပေးခဲ့ပြီဖြစ်သည်။

ယာနူကိုဗစ်ချ်သည် နိုင်ငံ၏ အကျပ်အတည်းတွေ့နေသောဘဏ္ဍာရေးကို ကယ်တင်ရန် ရုရှားနိုင်ငံက ဒေါ်လာ ၁၅ဘီလီယံ အထောက်အပံ့ပေးခြင်းကို မျက်နှာသာပေး၍ ဥရောပသမဂ္ဂနှင့် စီးပွားရေးစာချုပ် ချုပ်ဆိုမည့် အစီအစဉ်ကို ရုပ်သိမ်းလိုက်သဖြင့် နိုဝင်ဘာလမှစတင်၍ လူထုအုံကြွမှုများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**



# ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွား လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

**ကရာချိ ဇန်နဝါရီ ၂၉**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့တွင် သီးခြားတိုက်ခိုက်မှုဖြစ်ပွားရာ ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၉ရက်တွင် ပြောကြားသည်။

**ဗုံးထု**

ပထမအကြိမ် တိုက်ခိုက်မှုသည် ဇန်နဝါရီ ၂၉ရက်တွင် ဖြစ်ပွားကြောင်း ကရာချိမြို့ရှိ နာဇီမာဘတ်ရပ်ကွက်တွင် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော ကားတစ်စီးကို ကိုယ်ထိလက်ရောက် ရန်ပြုလိုသူများက လက်ပစ်ဗုံးဖြင့် ထုကြောင်း၊ ကားပေါ်ပါ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ရဲတပ် ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ယင်းဖြစ်ရပ် ဖြစ်ပွားပြီးနောက် မိနစ် အနည်းငယ်အကြာတွင် ယင်းဒေသ လမ်းဘေး၌ပင် ဗုံးတစ်လုံးပေါက်ကွဲရာ တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း၊ ထို့နောက် တစ်နာရီခန့်အကြာတွင် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ ဌာနချုပ်အပြင်ဘက်တွင် အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးခွဲရာပြည်သူ့စစ်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့် ပုဂ္ဂလိကလုံခြုံရေးတစ်ဦး သေဆုံးသည်ဟု ပြောကြားသည်။

**အေပီ။**

# တရုတ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အခြားနိုင်ငံများနှင့် ယုံကြည်မှုတည်ဆောက်ရန်လိုဟု ဂျပန်ပြော

**ဝါရှင်တန် ဇန်နဝါရီ ၂၉**

တနင်္ဂနွေနေ့၌ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား တွေ့ဆုံမေးမြန်း၍ အသံလွှင့်ရာတွင်တရုတ်နိုင်ငံ၏ စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုသည် အခြားသောနိုင်ငံများနှင့် တင်းမာမှုမဖြစ်စေဘဲ ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဒါဗို့(စ်)မြို့၌ စီအင်န်အင်န်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် တရုတ်နိုင်ငံသည် လွန်ခဲ့သောအနှစ် ၂၀မှစ၍ စစ်ရေးတည်ဆောက်မှုကို မှန်မှန်လုပ်ဆောင်လျက်ရှိသဖြင့် ဒေသအတွင်းရှိနိုင်ငံများမှာ အလွန်စိုးရိမ်လာခဲ့ကြသည်ဟု အာဘေးက ပြောကြားခဲ့သည်။

လွန်ခဲ့သည့် သီတင်းပတ်၌ ကျင်းပခဲ့သော ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် တိုကျိုနှင့်ပေကျင်းတို့အကြား ဖြစ်ပေါ်နေသည့် တင်းမာမှုများကို တင်ပြခဲ့သည်။

လွန်ခဲ့သည့် တစ်နှစ်ကျော်မှစတင်၍ ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် အာဘေး၏ အဓိကရည်မှန်းချက်သည် နှေးကွေးနေသော စီးပွားရေးကို ပြန်လည်တိုးတက်လာစေရန်ဖြစ်သည်။ သို့သော်လည်း အရှေ့တရုတ်ပင်လယ်ပြင်အတွင်း ဂျပန်တို့ထိန်းသိမ်းထားသော ကျွန်းများကို တရုတ်က ပိုင်ဆိုင်ကြောင်းကြေညာ၍ မကြာမီကပြုမူခဲ့သော နောက်ဆက်တွဲလှုပ်ရှားမှုများနှင့် စစ်ရေးတည်ဆောက်နေခြင်းကို တုံ့ပြန်ရန်အတွက် ဂျပန်နိုင်ငံ၏ စစ်အင်အားကို တောင့်တင်းရေးဆောင်ရွက်ရန် ကတိကဝတ်ပြုခဲ့သည်။

**ကန့်ကွက်**

ပေကျင်းကကြေညာခဲ့သည့် လေကြောင်းရန်ကာကွယ်ရေးဇုန်တွင် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော ကျွန်းစုများ ပါဝင်လျက်ရှိသည့်အတွက် ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့က ကန့်ကွက်ခဲ့သည်။

တရုတ်နိုင်ငံသည် အရှေ့တရုတ်ပင်လယ်ပြင်အတွင်း တည်ရှိနေသော အခြေအနေကို ပြောင်းလဲရန် ကြိုးစားလျက်ရှိသည်ဟု ၎င်းနိုင်ငံတို့က ပြောကြားသည်။

ယင်းသို့တည်ရှိနေသော အခြေအနေကို ပြောင်းလဲရန် မည်သည့်ကြိုးပမ်းမှုမဆို သို့မဟုတ် အတင်းအကျပ်နိုင်ထက် စီးနင်းပြုခြင်းတို့ကို လက်ခံမည်မဟုတ်ကြောင်း တရုတ်နိုင်ငံက နားလည်သဘောပေါက်ထားရန်လည်း အရေးကြီးသည်ဟု အာဘေးက ပြောကြားသည်။

၎င်းအနေဖြင့် တရုတ်နိုင်ငံကို စစ်ရေးနည်းဖြင့် တုံ့ပြန်ရန် ရည်ရွယ်ချက်မရှိကြောင်း၊ သို့သော် ဂျပန်နိုင်ငံ၏ ပိုင်နက်ရေပြင်၊ မြေပြင်နှင့် ဂျပန်နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ချမ်းသာတို့ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ **ရိုက်တာ။**

# ရှဥ့်များကိုက်၍ ခွေးသေရဟုဆို

**မော်စကို ဇန်နဝါရီ ၂၉**

ရုရှားနိုင်ငံ ဥယျာဉ်တစ်ခုအတွင်း၌ ရှဥ့်များက ၎င်းတို့ကိုဟောင်သည့် ခွေးတစ်ကောင်အား အသေကိုက်သတ်ခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အရှေ့ဖျားဒေသရှိ ကျေးရွာတစ်ရွာတွင် အနက်ရောင်ရှဥ့်များက ခွေးတစ်ကောင်ကို တိုက်ခိုက်ခဲ့သည်မှာ တစ်မိနစ် ခန့်မျှကြာမြင့်ခဲ့သည်ဟု သတင်းများက ဆိုသည်။

အခင်းဖြစ်ရာသို့ လူများရောက်ရှိလာခြင်းကိုမြင်တွေ့တော့မှ ကြောက်လန့်တကြား ထွက်ပြေးကြပြီး အချို့ရှဥ့်များက ခွေးသားစများကို ကိုက်ချီသွားကြသည်ဟု ပြောသည်။

ထင်းရှူးသီးများ ရှားပါးသွားခြင်းက ရှဥ့်များအား အခြားသောစားဖွယ်ရာ အရင်းအမြစ်များကို ရှာဖွေစေခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်တို့က ယူဆကြသည်။

လာဇိုအမည်ရှိ ကျေးရွာ၏အလယ်တွင်ရှိသော ဥယျာဉ်တစ်ခုအတွင်း၌ အဆိုပါ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိခဲ့သူဒေသခံရွာသားသုံးဦးက ပြောကြားသည်။

ခွေးလေခွေးလွင့်တစ်ကောင်က ယင်း၏ခေါင်းပေါ်ရှိ သစ်ကိုင်းသစ်ခက်များ အကြား၌ ပုန်းအောင်းနေသော ရှဥ့်များကို ဟောင်လျက် သစ်ပင်များကို အနံ့ခံနေစဉ် ရှဥ့်တစ်အုပ်က သစ်ပင်ပေါ်၌ဆင်း၍ ယင်းအားဝိုင်းကိုက်ကြခြင်းဖြစ်သည်ဟု သတင်းများတွင် ဖော်ပြသည်။

ရှဥ့်များ၏ ကိုက်ချက်ကြောင့် ခွေးတစ်ကောင်လုံး ဟောင်းလောင်းပေါက်ဖြစ်သွားရကြောင်း ဒေသခံသတင်းထောက်က ကိုဆိုမိုစကာရာပရာဗဒါ သတင်းစာသို့ ပြောကြားခဲ့သည်။ **ဘီဘီစီ။**

# ယူကရိန်းအတွက် ပုပ်ရဟန်းမင်းကြီးလွှတ်ပေးသော ငြိမ်းချမ်းရေး ချိုးနှစ်ကောင်ကို ငှက်ကြီးများတိုက်ခိုက်

မော်စကို ဇန်နဝါရီ ၂၉

**ပုပ်ရဟန်းမင်းကြီးက ယူကရိန်းနိုင်ငံ ငြိမ်းချမ်းစေရန် ဆုမွန်ကောင်းတောင်း၍ လွှတ်ပေးလိုက်သည့် ချိုးငှက်နှစ်ကောင်ကို ၎င်းတို့ထက်ကြီးသော ငှက်နှစ်ကောင်က တိုက်ခိုက်ခဲ့ရာ ယင်းဖြစ်စဉ်ကို ယူကရိန်းနိုင်ငံအတွက် နိမိတ်ဆိုးများအဖြစ် အများက နိမိတ်ကောက်ယူကြသည်ဟု မော်စကိုတိုင်း(မ်)သတင်းစာတွင် ဖော်ပြထားသည်။**

တနင်္ဂနွေနေ့နံနက်ပိုင်းတွင် ဦးဆောင်ဝတ်ပြု ဆုတောင်းပြီးနောက် စိန့်ပီတာရင်ပြင်ကို အပေါ်စီးမှရှုမြင်ရသော လေသာဆောင်မှနေ၍ ပုပ်ရဟန်းမင်းကြီးက ချိုးငှက်နှစ်ကောင်ကိုလွှတ်ကာ ယူကရိန်းနိုင်ငံအတွင်း၌ ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများ ချုပ်ငြိမ်းသွားပါစေဟု ဆုတောင်းခဲ့သည်။

လွှတ်ပေးခဲ့သော ငြိမ်းချမ်းရေး ချိုးငှက်နှစ်ကောင်သည် ပင်လယ်စင်ယော်တစ်ကောင်နှင့် ကျီးကန်းတစ်ကောင်တို့၏ ရုတ်တရက် ရန်ပြုခြင်းခံရသည်။ ငှက်ငယ်နှစ်ကောင်ကို ငှက်ကြီးနှစ်ကောင်က အကြိမ်ကြိမ် နှုတ်သီးဖြင့်ထိုးဆိတ်၊ ခြေ ထောက်ဖြင့် ဆွဲကုပ်ခြင်းပြုနေသည်ကို ထောင်ပေါင်းများစွာသောလူများက အောက်မှမြင်တွေ့နေရသည်။

အကြောင်းကံမလှသော အဆိုပါဖြစ်ရပ်သည် ယူကရိန်းနိုင်ငံအတွက်ဖြစ်ပေမည်ဟု ယူဆကြသည်။ လူအများစုက ငှက်ကြီးနှစ်ကောင်နှင့် ယူကရိန်းအထူးရဲတပ်ဖွဲ့ကိုယှဉ်၍ အဓိပ္ပာယ်ကောက်ကြသည်ဟုဆိုသည်။ **မော်စကိုတိုင်း(မ်)။**

ပုပ်ရဟန်းမင်းကြီးလွှတ်လိုက်သည့် ချိုးငှက်နှစ်ကောင်အနက် တစ်ကောင်ကို ကျီးကန်းတစ်ကောင်က တိုက်ခိုက်စဉ်။

# ဥရောပသမဂ္ဂသံရုံးမှ သံအမတ်ကြီး ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာသံရုံးမှ သံအမတ်ကြီးများပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ကုလသမဂ္ဂလက်အောက်ခံ အေဂျင်စီများ၊ INGO များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဥရောပသမဂ္ဂသံရုံးမှ သံအမတ်ကြီး H.E.Mr.Roland Kobia ဦးဆောင်သော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ ပါဝင်သည့် အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်မှူးကြီးသက်နိုင်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် စစ်တွေလေဆိပ်သို့ရောက်ရှိကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဥရောပသမဂ္ဂသံရုံးမှ သံအမတ်ကြီး၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များပါဝင်သည့် အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံ အေဂျင်စီများ၊ INGO များနှင့် တွေ့ဆုံဆွေးနွေးသည်။**(အပေါ်ယာပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဖြစ်စဉ်အပေါ် သုံးသပ်သည့်အခါ ဖြစ်စဉ်ဖြစ်ရပ်များသည် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှုများနှင့်မတူဘဲ လူ့အဖွဲ့အစည်းနှစ်ရပ်ကြားတွင်ရှိနေသည့် ပဋိပက္ခများကြောင့် ဖြစ်ပွားခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများဖြစ်သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မလွဲမသွေလိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေးအတွက် နှစ်ဖက်အသိုင်းအဝိုင်းအကြားတွင် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုနှင့် ကိုယ်ချင်းစာနာမှုများ တည်ဆောက်ပေးရန်လိုအပ်မှာဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပြည့်စုံကောင်းမွန်သော၊ ရေရှည်တည်တံ့ခိုင်မြဲသော နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ၊ နှစ်ဖက်အဖွဲ့အစည်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ရေရှည်သဟဇာတဖြစ်သော လူ့အဖွဲ့အစည်း ပေါ်ပေါက်ရေး လုပ်ငန်းစဉ်များတွင် နည်းလမ်းကောင်းများ ပေးအပ်နိုင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် နှစ်ဖက်သောလူ့အသိုက်အဝန်းအတွင်း မငြိမ်သက်မှုများ စတင်ခဲ့ရမှု အခြေအနေများ၊ နေရာဒေသအလိုက် ကျယ်ပြန့်စွာ ဖြစ်ပေါ်လာမှုအပေါ် နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့က လုံခြုံရေးကို တာဝန်ယူကာ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥရောပသမဂ္ဂသံရုံးမှ သံအမတ်ကြီးက မိမိတို့အနေဖြင့် ယမန်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပြောကြားခဲ့သည့်အတိုင်း ရခိုင်ပြည်နယ်ကိစ္စသည် ပြည်တွင်းရေးကိစ္စဖြစ်သည်ကို သဘောပေါက်နားလည် လက်ခံပါကြောင်း၊ ရှုပ်ထွေးသိမ်မွေ့နက်နဲသည့် အခြေအနေများကို မိမိတို့အနေဖြင့် ကောင်းမွန်စွာ သဘောပေါက်နားလည်ပါကြောင်း၊ ယခုကဲ့သို့ ပထမဆုံးအကြိမ်လာရောက်သည့် မိမိတို့အနေဖြင့် အဖွဲ့ဝင်နိုင်ငံများစွာပါဝင်လျက်ရှိရာ မိမိတို့သည် မည်သည့်နေရာ၊ မည်သည့်ဒေသများကို မည်သို့သော အကူအညီကောင်းများ ပေးအပ်နိုင်မည်ဆိုခြင်းကို နားလည်သိရှိကာ ကူညီပေးလိုပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်ဖက်သော လူ့အသိုက်အဝန်းအကြား မည်သည့်ဘက်ကိုမှ ဘက်လိုက်ခြင်းမရှိဘဲ မျှမျှတတ အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရှိဆောင်ရွက်သွားရန် အကြံပြုပြောကြားလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ပြင်ဆင်ချက် (၁၇)ချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဥပဒေကြမ်းကော်မတီရုံး အိုင်ဆောင် အမှတ်(၂) အပေါ်ထပ်၌ကျင်းပရာ ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် ပူးပေါင်းကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် အားကစားယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးအောင်ကြိုင်နှင့် ကော်မတီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် တာဝန်ရှိသူများ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြင်ဆင်ချက် အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာနယ်ဇင်း ကောင်စီ(ယာယီ) အဖွဲ့ဝင် ဒေါက်တာမျိုးသန့်တင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက အစည်းအဝေးခေါ်ယူရခြင်းနှင့် အဆင့်ဆင့်သော ဥပဒေပြုရေးလုပ်ငန်းဆောင်ရွက်ချက်များကို ဦးစွာရှင်းလင်းတင်ပြခဲ့ပြီး စာနယ်ဇင်းကောင်စီမှ ဒေါက်တာမျိုးသန့်တင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးလှဆွေ၊ ဦးတင်မောင်ဝင်း၊ ဦးတင်မောင်ဦး၊ ဦးစိုးပိုင်၊ ဦးကျော်နိုင်ဌေး၊ ဒုတိယဗိုလ်မှူးကြီးကျော်မျိုး၊ ဦးအောင်ကြိုင်၊ ဦးခိုင်မောင်ရီတို့က မိမိတို့၏သဘောထားအမြင်များကို ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**



# အရှေ့တောင်အာရှတွင် အကောင်းဆုံးနည်းပညာတက္ကသိုလ်အဖြစ် တစ်ကျော့ပြန်ဝင်ရောက်ရန် အသက်သွင်းနေသည့် အဆင့်မြင့်နည်းပညာတက္ကသိုလ်(ရန်ကုန်)

ဆောင်းပါး - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

ယခင်ကအရှေ့တောင်အာရှ၏ အကောင်းဆုံး နည်းပညာတက္ကသိုလ်တစ်ခုဖြစ်ခဲ့ဖူးသည့် ရန်ကုန်စက်မှုတက္ကသိုလ်ကို အစိုးရသစ်လက်ထက်တွင် လက်တွေ့ကျသော မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုခြေလှမ်းအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်အဆင့်မြင့်နည်းပညာတက္ကသိုလ်ဟု ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ယင်းသို့ ပြန်လည်ထူထောင်ရာတွင် ယခင် ရန်ကုန်စက်မှုတက္ကသိုလ် (R.I.T)၏ ပါမောက္ခချုပ်ဟောင်းဖြစ်ခဲ့သူ ဦးညီလှငယ်အား အဆင့်မြင့်နည်းပညာတက္ကသိုလ်များ ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌရာထူးကို ပေးအပ်ကာ ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် အားဖြည့်ကူညီနေသည်။ အဆိုပါခြေလှမ်းသည် အရှေ့တောင်အာရှ အကောင်းဆုံးကျောင်းများတွင် ပြန်လည်ပါဝင်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီပညာရှင်များပေါ်ထွက်လာနိုင်မည့် ရလဒ်ကောင်းတစ်ခုဖြစ်လာနိုင်သည်ဟု စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းများက သုံးသပ်ကြသည်။

အဆင့်မြင့်နည်းပညာတက္ကသိုလ်အဖြစ် ပြန်လည်ထူထောင်ရာတွင် အစိုးရကစိုက်ထုတ်ကျခံသော ဘတ်ဂျက်သာမက သင်ကြားရေးပိုင်းမှအစ ဓာတ်ခွဲခန်းများအထိအဆင့်မြှင့်တင်နိုင်ရန်အတွက် ကျပ်သိန်းပေါင်းများစွာအား စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းများက ရန်ကုန်နည်းပညာတက္ကသိုလ်သို့လာရောက်လှူဒါန်းခဲ့ကြသည်။ ထို့ပြင် ရန်ကုန်အဆင့်မြင့်နည်းပညာတက္ကသိုလ်သို့ အချိန်ပိုင်းသင်ခန်းစာပို့ချမှုများကိုလည်း ကျောင်းသားဟောင်းများက လာရောက်ကူညီသင်ကြားမှုများပြုလျက်ရှိသည်ကို တွေ့ရသည်။

အဆင့်မြင့်နည်းပညာတက္ကသိုလ်အဖြစ် ပြန်လည်ဖွင့်လှစ်ရာ၌ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အနိမ့်ဆုံးရမှတ် ၅၀၀၊ မန္တလေးနည်းပညာတက္ကသိုလ်တွင်အနိမ့်ဆုံးရမှတ် ၄၈၅ မှတ် သတ်မှတ်ကာ မြန်မာနိုင်ငံတက္ကသိုလ်အားလုံးတွင် ဝင်ခွင့်သတ်မှတ်ချက် အမြင့်ဆုံးဖြင့် ကျောင်းသားများကို စတင်ဝင်ခွင့်ပြုလိုက်သည်။

အဆင့်မြင့်နည်းပညာတက္ကသိုလ်များ ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌဦးညီလှငယ်က "ရန်ကုန်နည်းပညာတက္ကသိုလ်ကို ပထမဦးဆုံးစတင်ဖွင့်လှစ်တဲ့နှစ်မှာပဲ တက္ကသိုလ်ဝင်တန်းအောင်မှတ်စုစုပေါင်းအမှတ် ၅၀၀ နဲ့ဖြတ်တယ်။ ဒီနှစ်မှာတော့ လေးမှတ်လောက်လျှော့တယ်။ မနှစ်က ကျောင်းသားအရေအတွက် ၂၅၀၊ ဒီနှစ်တော့ ၃၀၀ ပေါ့။ မန္တလေးမှာတော့ မနှစ်ကကော ဒီနှစ်အတွက်ပါ ကျောင်းသား ၂၅၀ စီဝင်ခွင့်ရတယ်။ အရေအတွက်တွေ မွေးထုတ်ဖို့ဆိုတာက လွယ်လွယ်လေးပဲ။ လွယ်ကူတဲ့ကိစ္စ တိုင်းကတန်ဖိုးမရှိဘူး။ ခက်ခက်ခဲခဲနဲ့ ကြိုးစားပမ်းစား လုပ်ရတဲ့ကိစ္စတွေမှ တန်ဖိုးရှိတာပေါ့" ဟု ဝင်ခွင့်အမှတ်သတ်မှတ်ချက်နှင့်ပတ်သက်၍ မှတ်ချက်ပြုသည်။

အဆင့်မြှင့်တင်လိုက်သော ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်နံရံများထက်တွင် ပါမောက္ခချုပ်ထုတ်ပြန်ထားသော "ဆရာ/ဆရာမများ ကျူရှင်ပြသခြင်းမပြုရ၊ ပြသလျှင် ထုတ်ပစ်သည်အထိ အရေးယူခံရမည်"ဟူသော သတိပေးထုတ်ပြန်ချက်များအပြင် "ဤတက္ကသိုလ်တွင်လုပ်ငန်းဆောင်ရွက်ရာ၌ ချောမောမြန်ဆန်စေရန်ရည်ရွယ်ချက်ဖြင့် လာဘ်၊ လက်ဆောင်၊ ငွေ စသည်တို့ပေးကမ်းခြင်းနှင့် လက်ခံရယူခြင်းလုံးဝမပြုလုပ်ပါရန် တားမြစ်သည်" ဟူသော အဆင့်မြင့်နည်းပညာတက္ကသိုလ်များဦးစီးကော်မတီဥက္ကဋ္ဌ၏ သတိပေးတားမြစ်ချက်များသည် မြန်မာ့ပညာရေး အပြောင်းအလဲကို စိန်ခေါ်နေသောအရာများအား တွန်းလှန်ရန် အစပြုလိုက်သကဲ့သို့ပင် ရှိနေသည်။

နိုင်ငံတစ်ခုပြန်လည်ထူထောင်ရာ၌ အရေးတကြီး လိုအပ်သောအသင့်အသုံးပြုနိုင်မည့် အင်ဂျင်နီယာများ၊ Technician များကိုမွေးထုတ်ပေးရန် နည်းပညာတက္ကသိုလ်များတွင် တာဝန်ရှိသည်။ သင်ကြားမှုပြုလုပ်သည်မှအစ စာမေးပွဲစစ်သည်အထိ နည်းပညာတက္ကသိုလ်များအနေဖြင့် ရှိသင့်ရှိထိုက်သောအရည်အသွေးနှင့် စံနှုန်းသတ်မှတ်ချက်များကို ထိန်းသိမ်းရန်လိုအပ်သည်။ တက္ကသိုလ်များသည် စံနှုန်းမီသင်ကြားပေးနိုင်မည့်အရေအတွက်ကိုသာ ရွေးချယ်လက်ခံပြီး အရည်အသွေးပြည့်မီအောင် သင်ကြားမွေးထုတ်ပေးရန်လိုသည်။ သို့မှသာ တိုင်းပြည်အတွက်အကျိုးရှိပြီး အင်ဂျင်နီယာ လောကလည်း ဂုဏ်သိက္ခာမြင့်တက်လာကာ နိုင်ငံတကာမှလည်း အသိအမှတ်ပြုလက်ခံလာမည်ဖြစ်သည်ဟု ဦးညီလှငယ်က ထောက်ပြခဲ့သည်။

"ကျွန်တော်ဆိုလိုတာက တက္ကသိုလ်ပညာရေးမှာ အဓိကအရေးကြီးတာကတော့ Quality ပဲ။ Quality မြင့်အောင် လုပ်သင့်တယ်။ တစ်ချိန်က ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် အရေအတွက်ဘက်ကိုသွားခဲ့တယ်ဆိုရင် တောင် သမ္မတကြီးကလည်း လမ်းညွှန်ထားပြီးဖြစ်လို့ အရည်အသွေးတက်အောင်လုပ်ဖို့အချိန်တန်ပြီဆိုတာပါပဲ"ဟု အဆင့်မြင့်နည်းပညာတက္ကသိုလ်နှစ်ခုဝင်ခွင့်အတွက် အမှတ်ကန့်သတ်ချက်ထားရှိခြင်းအပေါ် ၎င်းက တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ပါမောက္ခချုပ်ဟောင်း ဦးညီလှငယ်။

ဆယ်စုနှစ်တစ်စုကျော် ပစ်ပယ်ခြင်းခံရပြီး တစ်ချိန်က အရှေ့တောင်အာရှကျောင်းများတွင် အကောင်းဆုံးကျောင်းတစ်ကျောင်းအဖြစ် တင်စားခေါ်ဝေါ်ခဲ့ကြသည့် ယခင် အာရ်အိုင်တီကျောင်းအဖြစ်မှ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) အဖြစ် အသွင်ပြောင်းခဲ့သည့်ကျောင်းကြီးသည် လက်ရှိအချိန်တွင် ဂျပန်နိုင်ငံရှိ တက္ကသိုလ်ခုနစ်ခုက MOU လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ အမေရိကန်၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ စင်ကာပူကဲ့သို့ အခြားသောနိုင်ငံများစွာမှလည်း ရန်ကုန်နည်းပညာတက္ကသိုလ် (YTU)ကို အကူအညီပေးရေးအတွက် MOU လက်မှတ်ထိုးနိုင်ရန် စောင့်ဆိုင်းနေခြင်းကပင် တစ်ချိန်က အရှိန်အဝါကြီးမားခဲ့သည့် နာလန်ထတက္ကသိုလ်ကျောင်းတော်ကြီးအတွက် ဂုဏ်ယူအားတက်ဖွယ်ရာတစ်ခုဖြစ်လို့နေသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့အား အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centre of Excellence) အဖြစ် မြန်မာအစိုးရက သတ်မှတ်လိုက်ပြီဖြစ်သော်လည်း အရှေ့တောင်အာရှ၏ အကောင်းဆုံးကျောင်းများအဖြစ် ရပ်တည်နိုင်ဖို့အတွက်မူ ဆယ်စုနှစ်တစ်စုမျှ ကြာလိမ့်မည်ဟု ဦးညီလှငယ်ကပင် မြန်မာ့သတင်းစဉ်၏ မေးမြန်းချက်ကို တွက်ဆပြခဲ့သည်။

၎င်းကပင် ဆက်လက်၍ "ကျွန်တော်တို့ ကြိုးစားနေပါတယ်။ အခြေအနေပေးရင် နောက် ၁၀ နှစ်လောက်အတွင်းမှာ ဖြစ်နိုင်ပါတယ်။ အစိုးရပိုင်းက ပံ့ပိုးကူညီမှု၊ ကျွန်တော်တို့ဘက်က ကြိုးစားအားထုတ်မှု၊ နိုင်ငံခြားအကူအညီရရှိမှု အဲဒါတွေ အကုန်ပေါင်းစပ်လိုက်ရင် နောက် ၁၀ နှစ်လောက်အတွင်းမှာ အရှေ့တောင်အာရှရဲ့ နာမည်ကြီးတက္ကသိုလ်တစ်ခုဖြစ်လာနိုင်ဖို့ မျှော်မှန်းပြီး လုပ်ဆောင်ရမှာပေါ့"ဟု ပြောပြခဲ့သည်။

နာမည်ကြီးတက္ကသိုလ်တစ်ခုဖြစ်လာစေရန်အတွက် နာမည်ကြီးဆရာ ဆရာမများ၊ ပါမောက္ခများနှင့် သုတေသနပညာရှင်များသည် မရှိမဖြစ်လိုအပ်မည့် အခြေခံလိုအပ်ချက်ဖြစ်သည်။ တက္ကသိုလ်အသီးသီးမှ လုပ်ဆောင်ထားသည့် သုတေသနလုပ်ငန်းများအား သုတေသနစာတမ်းအဖြစ် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ သုတေသနလုပ်ချင်စိတ်ရှိသော ပတ်ဝန်းကျင်မျိုးအား ဖန်တီးပေးနိုင်ရမည်။ သုတေသနလုပ်ရန်လိုအပ်သော ပစ္စည်းများကို ချက်ချင်းဖန်တီးပေးနိုင်ရန် ကုန်ကျစရိတ်များကို လွယ်ကူ၊ လုံလောက်၊ မြန်ဆန်ဖြည့်ဆည်းပေးခြင်းသည်လည်း နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုဖြစ်လာစေရန် လိုအပ်ချက်များပင် ဖြစ်ပေတော့သည်။

လက်ရှိ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်၊ ပုဂ္ဂလိကကဏ္ဍကို အားပေးသော ဈေးကွက်စီးပွားရေးစနစ်များဖြင့် ပြုပြင်ပြောင်းလဲမှုများစွာလုပ်ဆောင်လျက်ရှိနေပြီး မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ လုံးဝလုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်ဟု မြန်မာနိုင်ငံဝိဇ္ဇာ၊ သိပ္ပံပညာရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသက်လွင်က ဆိုထားသည်။

မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးမှုတွင် မရှိမဖြစ်လိုအပ်လာသည့် လူသားအရင်းအမြစ်မွေးထုတ်ရေးနှင့်စပ်လျဉ်း၍ သမ္မတ၏စီးပွားရေးအကြံပေးဖြစ်သူ ဒေါက်တာဇော်ဦးက လက်ရှိ အစိုးရသစ်သည် ပုဂ္ဂလိကကဏ္ဍအား ဦးစားပေး၍ ဈေးကွက်စီးပွားရေးကို ဦးတည်နေသော ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးနေကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုးလာသည်နှင့်အမျှ ဈေးကွက်တွင် လိုအပ်လျက်ရှိသည့် အရည်အသွေးပြည့်မီသော လူသားအရင်းအမြစ်များ မွေးထုတ်ရန် လိုအပ်လာကြောင်း၊ ဈေးကွက်၏ ဝယ်လိုအားလိုအပ်ချက်နှင့် တက္ကသိုလ်များမှ မွေးထုတ်ပေးလာမည့် လူသားအရင်းအမြစ်တို့သည် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတညီညွတ်မှု ရှိစေရန် လိုအပ်လာပြီဖြစ်ကြောင်းဖြင့် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အကြံပြုပြောကြားခဲ့သည်။

"ဈေးကွက်ကို မစဉ်းစားဘဲ လူသားအရင်းအမြစ်ကို ထုတ်ချင်တိုင်းမွေးထုတ်လိုက်ရင် ဘွဲ့ရပညာတတ်တဲ့ အလုပ်လက်မဲ့တွေ ပိုပေါလာနိုင်တယ်။ ဒါဆိုရင် တိုင်းပြည် အခြေအနေကပိုပြီးဆိုးလာမယ်"ဟု ဒေါက်တာဇော်ဦးက လက်ရှိပညာရေးအခြေအနေကို ပြောဆိုလိုက်ခြင်းဖြစ်သည်။

နိုင်ငံအတွင်း အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာရန် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် Technician ကဲ့သို့သော စက်မှုပညာရှင်များလည်း များစွာလိုအပ်နေပေသည်။ မြန်မာနိုင်ငံတွင် နည်းပညာတက္ကသိုလ်ပေါင်း ၂၉ ခုအထိရှိပြီး တက္ကသိုလ်များ၏ မျှော်မှန်းချက်သည် အရည်အသွေးရှိသော ပညာရှင်များကို သက်ဆိုင်ရာ နယ်ပယ်အသီးသီးအတွက် မွေးထုတ်ရန်သာဖြစ်သင့်သည်ဟု ယခင်ရန်ကုန်စက်မှုတက္ကသိုလ် (R.I.T) ၏ ပါမောက္ခချုပ်ဟောင်းဖြစ်ခဲ့သူ ဦးညီလှငယ်က သုံးသပ်ထားသည်။

မြန်မာနိုင်ငံသည် လက်ရှိ လူဦးရေခန့်မှန်းတွက်ချက်မှုများအရ လူဦးရေ၏ ခြောက်ဆယ်ရာခိုင်နှုန်းသည် အသက် (၁၅) နှစ်မှ (၆၀) နှစ်အတွင်းရှိနေပြီး လူဦးရေဆုလဒ်(Population bonus) ရရှိနေဆဲဖြစ်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂလူဦးရေအဖွဲ့မှ ခန့်မှန်းထားသည်။ ထို့ကြောင့် လူငယ်များထံမှ လုပ်သားထုတ်လုပ်စွမ်းအားအများ အပြားရှိနေပြီး လူငယ်များအလုပ်ရနိုင်မှုအတွက် နိုင်ငံတော်အစိုးရမှ စီမံချက်များကို စနစ်တကျ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပေတော့သည်။ ။




အဆင့်မြင့်နည်းပညာတက္ကသိုလ်(ရန်ကုန်)တွင် ကပ်ထားသော နံရံကပ်သတိပေးစာ။

ပေါ်ပြူလာစတား

Sale of old & used construction equipment
We invite bids for sale of old & used operational items located at Yangon, Padan, Kyaukphyu, Made & Kabaw sites.
Interested bidders can collect the tender documents from below address within 10 days from the date of advertisement.
7th floor, Centerpoint tower, 65 Corner of Sule Pagoda Road and Merchant St, Kyauktada Township, Yangon, Myanmar
Contact : Mr. Jyotishwar Giri
: Mr. Rakesh Kumar

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဟသ်ာတ – ဇလွန် – စကြော့ – ညောင်တုန်း – လှိုင်သာယာလမ်းပိုင်းကို ၂၀၁၄ ခုနှစ် မေလခန့်တွင် ပြေးဆွဲနိုင်ရေးဆောင်ရွက်လျက်ရှိ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ကျောင်းထို-ကက္ကူလမ်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၃၄)ပေအကျယ် လမ်းတာချဲ့ခြင်းနှင့် (၁၂) ပေအကျယ် ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရန်ပုံငွေကျပ် (၂၃၁ ဒသမ ၂၁)သန်း လျာထားတင်ပြထားပါကြောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး နဝမနေ့တွင် ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ(ကိုယ်စား) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း မေးမြန်းသည့် **"တောင်ကြီး-ကက္ကူလမ်းပိုင်း (၂၇)မိုင်မှ ကျောင်းထို-ကက္ကူ လမ်းပိုင်း (၄)မိုင်ခွဲအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကျောင်းထို-ကက္ကူလမ်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း(၃၀)ဖြင့် လိုအပ်သောနေရာများတွင် ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလမ်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြချက်အရ ဆောက်လုပ်ရေးဝန်ကြီး ဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းနိုင်ရေးအတွက် ဆောက်ရွက် လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **"လှိုင်သာယာ (ရန်ကုန်)-ဟသ်ာတ မီးရထားလမ်းတည်ဆောက်သည့် စုစုပေါင်းကုန်ကျစရိတ်မည်မျှနည်း၊ ပျက်စီးနေသော မီးရထားသံလမ်းများကြောင့် ဆုံးရှုံးမှုတန်ဖိုးနှင့် ၂၀၁၀ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့သော မီးရထားလမ်းအား မည်သည့်ခုနှစ်တွင် ဖွင့်လှစ်နိုင်မည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဟသ်ာတ-ညောင်တုန်း ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ခန့်မှန်းတန်ဖိုးမှာ ငွေကျပ်(၃၇၈၀၂ ဒသမ ၀၀)သန်းဖြစ်ပါကြောင်း၊ ပုသိမ် (ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ခန့်မှန်းတန်ဖိုးမှာ ငွေကျပ်(၆၅၇၇၇ ဒသမ ၆၉၇)သန်းဖြစ်ပါကြောင်း၊ မြန်မာ့ မီးရထားက ဆောင်ရွက်ခဲ့သော ရထားလမ်းများသည် တစ်မိုင်လျှင် ငွေကျပ်သန်း(၄၅၀)ခန့်သာ ကုန်ကျပါကြောင်း၊ သို့သော် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီအောင် ဆောင်ရွက်မည်ဆိုပါက တစ်မိုင်လျှင် ငွေကျပ်သန်း (၂၀၀၀)နှင့်အထက် ကုန်ကျနိုင်မည်ဖြစ်ပါကြောင်း။

ဇလွန်-ဟသ်ာတ ရထားလမ်းပိုင်းပျက်စီးခဲ့သော ရထားလမ်းတာပေါင်နှင့် ရထားသံလမ်းများ ပြုပြင်ထိန်း သိမ်းခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ကုန်ကျစရိတ်မှာ ငွေကျပ် (၂၄ ဒသမ ၆၀၄)သန်းဖြစ်ပါကြောင်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် စတင်ဖောက်လုပ်ခဲ့သော ဟသ်ာတ-ဇလွန်လမ်းပိုင်း (၁၆ ဒသမ ၂၅)မိုင်ကို ၂၁-၇-၂၀၁၀ ရက်တွင် ဖွင့်လှစ်ပြီး ရထားများ ပြေးဆွဲလျက်ရှိပါကြောင်း၊ ဇလွန်-စကြော့-ညောင်တုန်းလမ်းပိုင်း (၁၄ ဒသမ ၃၁)မိုင်ကို သံလမ်း ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ညောင်တုန်း-လှိုင်သာယာလမ်းပိုင်း (၂၇ ဒသမ ၄၅)မိုင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက် လျက်ရှိရာ (၈၀)ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဟသ်ာတ-ဇလွန်-စကြော့-ညောင်တုန်း-လှိုင်သာယာလမ်း ပိုင်းကို ၂၀၁၄ ခုနှစ် မေလခန့်တွင် ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **"၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ် ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**ကို လက်ခံ ဆွေးနွေးရန် အဆိုတင်သွင်းရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ဆန္ဒရယူရာ ကန့်ကွက်သည့် ကိုယ်စားလှယ် ဦးရေများသည့်အတွက် လက်ခံဆွေးနွေးရန် မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ငါးဖမ်းဆီးခွင့် လုံးဝပိတ်ပင်မည့်အစား ငါးလုပ်ငန်းစီမံခန့်ခွဲမှု အားနည်းချက်များအပေါ် ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ အမိန့်ကြော်ငြာစာအမှတ် ၄၅/၉၉ ထုတ်ပြန်ပြီး တိရစ္ဆာန် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ပတ်ဝန်းကျင်ရှိ လူ၊ တိရစ္ဆာန်များ ရောဂါ ကူးစက်ပြန့်ပွားမှု၊ ဘေးအန္တရာယ်ကျရောက်မှု မဖြစ်စေရေးတို့အတွက် စိစစ်ပြီး ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်ကိုက်ညီမည်ဆိုလျှင် အသား၊ နို့၊ ဥ သို့မဟုတ် အခြားတိရစ္ဆာန်ထွက်ပစ္စည်း တစ်မျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးသည့် မွေးမြူရေးခြံ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အမဲ၊ ဆိတ်၊ ဝက်စသော သားသတ်လိုင်စင်စီလုပ်ငန်းနှင့် ကြက်၊ ဘဲသားသတ် လုပ်ငန်းများသည် တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဥပဒေများ နှင့်အညီ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဖြစ်ပြီး ရရှိသည့်အရပ်ရပ် အခွန် အခများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံကွပ်ကဲမှုနှင့်သာ ဆောင်ရွက်ကြပါကြောင်းဖြင့် ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး အဌမနေ့၌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်ရီ၏ **အမဲ၊ ဆိတ်၊ဝက်စသော သားသတ်လိုင်စင်တွင် မပါဝင်သည့် ကြက်သတ်လုပ်ငန်းသည် မြို့နယ်တိုင်းတွင်ရှိပြီး တရားဝင်ကြပ်မတ်ထိန်းသိမ်း နိုင်ရန် ဥပဒေပြဋ္ဌာန်းချက်တစ်စုံတစ်ရာမရှိသဖြင့် စနစ်တကျကြီးကြပ်နိုင်ရန်နှင့် ရသင့်ရထိုက်သော အခွန်များရရှိနိုင်စေရန် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက် ပေးမည့် အစီအစဉ်ကိုသိရှိလိုခြင်း** အဆိုနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်မြတ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကြက်၊ ဘဲသားသတ်လုပ်ငန်း လိုင်စင်များကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်နှင့် အိမ်နီး ချင်း(၁၀)အိမ်၏ ထောက်ခံချက်များရယူ၍ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးထံသို့ လျှောက်ထားရပါကြောင်း၊ ထိုသို့ လျှောက်ထားရာတွင် ကြက်၊ ဘဲ သားသတ်လုပ်ငန်းနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင်အား အသံ၊ အနံ့ အသက်၊ အနှောင့်အယှက်မရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်သည့် သန့်ရှင်း မှုစနစ်ဖြင့် ဆောင်ရွက်မည့် ကတိဝန်ခံချက်ရေးထိုးတင်ပြရပါကြောင်း၊ အချက် အလက်များ ပြည့်စုံလျှင် ခရိုင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေး မှတ်တမ်း ရယူပြီး ထောက်ခံတင်ပြပေးခြင်းများ ဆောင်ရွက်ရပါကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကြက်၊ ဘဲများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနဝန်ထမ်းများမှ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်စနစ်များ(Good Animal Husbandry Practices)နှင့်အညီ မွေးမြူရေးခြံမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ ဒေသတစ်ခုမှတစ်ခုသို့ ကြက်၊ ဘဲအရှင်များ တင်ပို့ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်များမှ တိရစ္ဆာန်ကျန်းမာကြောင်း မျက်မြင်စစ်ဆေးပြီး ရောဂါကင်းရှင်းလျှင် ကျန်းမာကြောင်းလက်မှတ် ထုတ် ပေးခြင်း၊ ကြက်၊ ဘဲများကို ဈေးကွက်သို့ မပို့မီ(သို့မဟုတ်) မသတ်မီ ကြက်၊ ဘဲဒိုင်များတွင် ကျန်းမာရေးစစ်ဆေးခြင်း(Antemoterm)ကို အခါအားလျော်စွာ ဆောင်ရွက်ခြင်း၊ (ဥပမာ-ကူးစက်ရောဂါများကျရောက်ရန် အလားအလာရှိချိန် နှင့် ဖြစ်ပွားချိန်)၊ ဈေးကွက်သို့ ရောက်ပြီးသည့် ကြက်၊ ဘဲ အသားများကို ကူးစက်ရောဂါ ရှိ/မရှိလိုအပ်သည့်စစ်ဆေးမှုများ အခါအားလျော်စွာ စစ်ဆေး ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါကြောင်းဖြင့် ဖြေကြားသွားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်က **မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတ ပေါများမှု၊ ဆုတ်ယုတ်မှုအခြေအနေနှင့် ကမ်းဝေးငါးဖမ်းရေယာဉ်များဖြင့် ငါးဖမ်းခွင့်ကို နှစ်အကန့်အသတ်ဖြင့် လုံးဝ ပိတ်ပင်ရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံ၏ ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ငါးသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရှာဖွေ တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနည်းပါးခြင်း၊ ငါးဖမ်းဆီးမွေးမြူမှုနှင့် ပြုပြင် ထုတ်လုပ်မှု သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ ပညာရှင်များ နည်းပါးလာခြင်း၊ ငါးလုပ်ငန်းစစ်ဆေးကြီးကြပ် သည့် ဝန်ထမ်းနှင့် ဆက်သွယ်ရေးကိရိယာများ တိုးချဲ့ရန်လိုအပ်ခြင်း၊ ဌာနပိုင် သုတေသနငါးဖမ်းရေယာဉ်နှင့် ကင်းလှည့်စစ်ဆေးသည့် ရေယာဉ်မရှိခြင်း၊ မြန်မာ့ ပင်လယ်ပြင်အတွင်း အခြားနိုင်ငံများမှ ငါးခိုးရေယာဉ်များ ဝင်ရောက်ခြင်းတို့ ကြောင့် ငါးလုပ်ငန်းစီမံခန့်ခွဲမှုများတွင် အားနည်းမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆) မှ ဦးခင်မောင်လတ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီ။

ငါးလုပ်ငန်းဆိုင်ရာ စံအညွှန်းကိန်းများ (Fisheries Indicators)အနေဖြင့် ကုန်တက် ပြေစာများ၊ ငါးဖမ်းလုပ်ငန်းရှင်များ၊ ငါးဖမ်းရေယာဉ် ပဲ့နင်းများ၊ ရေလုပ်သားများထံမှ စစ်တမ်းကောက်ယူချက်အရ ယခင်က(၁၅)ရက်၊ ရက်(၂၀) ခန့်နှင့် ငါးဖမ်းရေယာဉ်တစ်စီး ကုန်ချိန်အပြည့် ရရှိခဲ့သော်လည်း ယခုအခါ (၄၅) ရက်မှ ရက်(၆၀)အထိကြာမှ ကုန်ချိန်အပြည့် ဖမ်းဆီးရမိခြင်း၊ ငါးအရွယ် အစားများ သေးငယ်လာခြင်း၊ စီးပွားဖြစ်ငါးများ ဖမ်းဆီးရမိမှု နည်းပါးလာခြင်း၊ တန်ဖိုးနည်းငါးပါဝင်မှု များပြားလာခြင်းတို့ကြောင့် သယံဇာတများ လျော့နည်း လာသည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိတည်ရှိနေသည့် ငါးသယံဇာတ အခြေအနေကို တိကျစွာသိရှိနိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ဘီအိုဘီ အယ်လ်အမ်အီး(BOBLME)Project နှင့် နော်ဝေဂျီယန်အေဂျင်စီဖော်ဒီဗယ် လုပ်မန့်ကို အော်ပရေးရှင်းနိုရတ် (Norwegian Agency for Development Cooperation-NOR AD)၏ အထောက်အပံ့အရ ဒေါက်တာဖရစ်ဂျော့နန်ဆင် သုတေသနရေယာဉ်ဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းရေပြင်၌ သိပ္ပံနည်းကျ ငါး လုပ်ငန်းနှင့် အဏ္ဏဝါဇီဝမျိုးကွဲပြားမှု စစ်တမ်းကောက်ယူခြင်းကို (၁၃-၁၁-၂၀၁၃)မှ (၁၉-၁၂-၂၀၁၃)ထိ ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

သုတေသနရလဒ်များ တရားဝင်ထွက်ရှိလာပါက မြန်မာနိုင်ငံ၏ ရေငန် ငါးသယံဇာတတည်ရှိမှု၊ ဆုတ်ယုတ်မှုအခြေအနေများကို တိကျစွာသိရှိနိုင်မှာ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေငန်ငါးထုတ်လုပ်မှုမှာ ၂၀၁၂-၂၀၁၃ခုနှစ်တွင်(၂ ဒသမ ၄)သန်းတန်ရှိပြီး ကမ်းဝေးထုတ်လုပ်မှုမှာ ရေငန်ငါးထုတ်လုပ်မှု စုစုပေါင်း၏ (၇၀)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင်( ၀ ဒသမ ၃၇)သန်းတန်ဖြစ်ပြီး အမေရိကန်ဒေါ်လာ(၆၅၂ ဒသမ ၃)သန်းရရှိခဲ့ပါကြောင်း၊ ကမ်းဝေးငါးဖမ်းမှုအား တားမြစ်ပါက ရေငန်ငါး ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုများ ရပ်ဆိုင်းသွားမှာဖြစ်ပါကြောင်း၊ ပြည်တွင်း ငါးစားသုံးမှုအပေါ် အကျိုးသက်ရောက်မှု ရှိလာစေမှာဖြစ်ပါကြောင်း၊ လက်ရှိ ငါးဖမ်းလိုင်စင်ရယူထားသည့် ငါးဖမ်းရေယာဉ်ပေါင်း(၂၂၉၆)စီးတွင် လုပ်ကိုင် နေသည့် ရေလုပ်သား(၄၂၀၀၀)ခန့်နှင့် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံသည့် စက်ရုံ၊ အလုပ်ရုံ (၁၁၆)ခုရှိ လုပ်သားအင်အား(၁၂၆၆၆)ဦးနှင့် ၎င်းတို့၏ မှီခိုမိသားစု များအတွက် စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ငါးဖမ်းရေယာဉ်များအား နှစ်အကန့်အသတ်ဖြင့် ငါးဖမ်းဆီးခွင့် လုံးဝပိတ်ပင်မည့်အစား ငါးလုပ်ငန်းစီမံခန့်ခွဲမှု အားနည်းချက်များအပေါ် ဖြည့် ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသွားသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်း**အား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းအား တင်သွင်းနိုင် ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

**အမျိုးသားဆေးဝါးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**အား ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးခဲ့ပြီး ယင်း အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၁၁)ခုဖြင့် ကျင်းပခဲ့ပြီး မွေးမြူရေးနှင့် သက်ဆိုင်သည့် မေးခွန်းနှစ်ခု၊ ကျန်းမာရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဆိုင်ရာမေးခွန်းတို့ကို မေးမြန်းခဲ့ပြီး ဥပဒေကြမ်းတစ်ခု အသိပေးတင်ပြခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး နံနက်ပိုင်းတွင် ရပ်နား လိုက်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ဖွံ့ဖြိုး တိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန် အလေးထားဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

**ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက နေပြည်တော်၌ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယနေ့တွင် စားပွဲဝိုင်းဆွေးနွေးမှု၌ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သို့မည်ပုံပူးပေါင်းဆောင်ရွက်ရမည်ကို အလေးထားဆွေးနွေးခဲ့ကြသည်။**

**Mr.Chris Milligan (USAID)**

ဒီအစည်းအဝေးကတစ်ဆင့် ပုဂ္ဂလိကကဏ္ဍ၊ လူမှုရေးကဏ္ဍတွေမှာ ပိုမိုပူးပေါင်းဆောင်ရွက်မှု အရှိန်ရလာတာကို ထိန်းသိမ်းထားဖို့လိုပါတယ်။ အစိုးရနဲ့ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အစိုးရဘက်က အရာရှိတွေက NGO အဖွဲ့တွေနဲ့ ပူးပေါင်း ဆောင်ရွက်လာကြပြီး ပြတ်သားတဲ့ လုပ်ဆောင်မှုတွေကို မြန်မာပြည်သူတွေအတွက် ဆောင်ရွက်ကြတာကို တွေ့ရပါတယ်။ မူဘောင် သဘောတူညီချက်တွေကို ရရှိခဲ့ကြပါတယ်။ သန်းခေါင်စာရင်းကောက်ယူရေးကိစ္စမှာ USAID အဖွဲ့အနေနဲ့ မန္တလေးနဲ့ ရန်ကုန်ဒေသတွေမှာ ပါဝင်ကူညီသွားကြမှာဖြစ်ပါတယ်။

ဒါ့အပြင် အုပ်ချုပ်ရေးကဏ္ဍနဲ့ ဇီဇာကိစ္စမျိုးမှာ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ရတာ ကျေနပ်မှုရှိပါတယ်။ မြန်မာပြည်သူတွေရဲ့ဘဝမြှင့်တင်ရေးမှာ ပါဝင်ခွင့်ရသည့်အတွက် ကျေးဇူးတင်ပါတယ်။

**ဦးငွေသိန်း (Capacity Building Initiative)**

ပြည်သူတွေရဲ့အကြံပေးမှုနဲ့အတူ လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နေပါတယ်။ လွှတ်တော်မှာ CSO ဥပဒေတစ်ခု ပြဋ္ဌာန်းနိုင်ဖို့ ဆွေးနွေးနေကြပြီး အဲဒီဥပဒေထွက်လာပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပိုပြီးလုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ ကျား/ မ သာတူညီမျှရှိရေး၊ မြေယာပိုင်ဆိုင်ခွင့် စတာတွေကို ပိုပြီးလုပ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်မူဝါဒပိုင်းမှာ ထူးခြားစွာ ပြောင်းလဲလာပေမယ့်လည်း အောက်ခြေအဆင့်အထိ အသက်ဝင်ဖို့လိုအပ်ပါတယ်။ ဒီစင်ထရယ်လိုက်ဇေးရှင်းဖြစ်စဉ်မှာ CSO ရဲ့ ပါဝင်မှုအပြည့်အဝရရေးဟာ အရေးကြီးပါတယ်။ ဒါကြောင့် Stakeholder တွေရဲ့ ပူးပေါင်းပါဝင်မှုက အဓိကကျပါတယ်။

**Mr.Philippe Hamel (INGO Forum Myanmar)**

ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ ဦးစားပေးလုပ်ဆောင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ မြေယာပိုင်ဆိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအပြင် Registration ဥပဒေမြှင့်တင်ဖို့ အစိုးရနဲ့ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေမှာ မြန်မာအစိုးရနဲ့အတူ ပြည်သူများအကျိုးအတွက် အရှိန်အဟုန်မြှင့်လုပ်ဆောင်မှာဖြစ်ပါတယ်။ လုပ်ငန်းတွေ အောင်မြင်ဖို့ဆိုရင် Coordination အစီအစဉ်တစ်ရပ်ထူထောင်ဖို့ အရေးကြီးပါတယ်။ မြန်မာပြည်သူတွေကို ကူညီခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။

**Mr.Putu M.Kamayana (အာရှဖွံ့ဖြိုးရေးဘဏ်)**

ယခု အစည်းအဝေးကတစ်ဆင့် အစိုးရနဲ့ပြည်သူသာမက အရပ်ဘက်လူ့အဖွဲ့အစည်းပါ အကျိုးများစွာ ရနိုင်ပါတယ်။ Stakeholder တွေ အကူအညီပေးမယ့် အစီအစဉ်တွေကို ချမှတ်နိုင်ခဲ့ပါတယ်။ Assistance Program တွေ ထိထိရောက်ရောက်ဖြစ်ရေးအတွက် ပိုမိုကောင်းမွန်တဲ့ နည်းလမ်းတွေ ရှာဖွေဖို့လိုပါတယ်။ မြန်မာနိုင်ငံအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ရေရှည်ရည်မှန်းချက်ကတော့ မဟာဗျူဟာတစ်ရပ်ချမှတ်ပြီး မြန်မာကိုငွေကြေးဆိုင်ရာ အစီအစဉ်တစ်ရပ် ရေးဆွဲပေးမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့အခန်းကဏ္ဍဟာ ကြီးမားပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူ့ဘဝတိုးတက်မြင့်မားရေးအတွက်လည်း ကူညီဖို့ အစီအစဉ်ရှိပါတယ်။

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

Mr. Chris Milligan (USAID)

ဦးငွေသိန်း (Capacity Building Initiative)

Mr.Philippe Hamel (INGO Forum Myanmar)

Mr.Putu M.Kamayana (အာရှဖွံ့ဖြိုးရေးဘဏ်)




Mr.Michael Hassett (ဩစတြေးလျ)

Mr.Olivier Lacroix (ပြင်သစ်)

Ms.Maria Pia Dradi (အီတလီ)

Mr.Choi Jae Young (ကိုရီးယား)

Dr.Juergen Zoll (ဂျာမနီ)

Mr.Gautam Mukhopadlhaya (အိန္ဒိယ)

Janet E.Jackson (UNFPA)

Mrs.Suchada Thaibunthao (ထိုင်းနိုင်ငံ)

ဒေါက်တာသက်သက်ခိုင် (UMFCCI)

**Mr.Michael Hassett (ဩစတြေးလျ)**

မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေဟာ ရေရှည်လုပ်ငန်းတစ်ရပ်ဖြစ်တဲ့အတွက် အစိုးရနဲ့ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာအရေးကြီးပါတယ်။ ကျွန်တော်တို့အနေနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းမှာပါဝင်ကူညီပြီး ပြည်သူတွေရဲ့ ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် ပါဝင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းတွေမှာ Assistance Program တွေချမှတ်ထားပြီး မြန်မာနိုင်ငံအနေနဲ့ အဲဒီပရိုဂရမ်တွေကို အကောင်အထည်ဖော်ဖို့ စိန်ခေါ်မှုတွေရှိနိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေအတွက် အခုလိုကူညီခွင့်ရတာကို ကျေနပ်အားရပါတယ်။

**Mr.Olivier Lacroix (ပြင်သစ်)**

အရင်နှစ်ကရယူခဲ့တဲ့ နေပြည်တော် သဘောတူညီချက်ကတစ်ဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ရေရရှိရေးတွေမှာ ကျွန်တော်တို့က ဦးစားပေးအစီအစဉ်ချမှတ်ခဲ့ပါတယ်။ လူ့အခွင့်အရေးနဲ့ ကျား /မ တန်းတူအခွင့်အရေးရရှိရေး၊ ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပြည်တွင်းမှာ ပြုပြင်ပြောင်းလဲမှုများစွာလုပ်ဆောင်သော်လည်း ထိရောက်ပြီး လက်တွေ့ကျကျ ဆောင်ရွက်ဖို့လိုပါတယ်။

**Ms.Maria Pia Dradi (အီတလီ)**

အစိုးရနဲ့ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက် ပိုမိုဆောင်ရွက်နိုင်ဖို့ နေပြည်တော် သဘောတူညီချက်ကတစ်ဆင့် ဆောင်ရွက်နေပါတယ်။ EU နိုင်ငံတစ်နိုင်ငံအနေနဲ့ သဘောတူညီချက်များစွာရေးထိုးနိုင်ခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ မွေးမြူရေးကဏ္ဍအတွက် ငွေကြေးအကူအညီပေးအပ်ကာ လုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းပိုမိုအောင်မြင်ရေးအတွက် Soft Loans တွေနဲ့ အကူအညီပေးခဲ့ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နေပါတယ်။

**Mr.Choi Jae Young (ကိုရီးယား)**

အရင်နှစ်က ပြုလုပ်တဲ့ ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်က ချမှတ်ခဲ့တဲ့ နေပြည်တော်သဘောတူညီချက်အရ ကိုရီးယားနဲ့ မြန်မာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံအကြား အတွေ့အကြုံတွေ ဖလှယ်ခဲ့ကြပြီး လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွေနဲ့အတူ UNDP နဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တွေဟာ မြန်မာပြည်သူတွေအတွက် အကျိုးများစွာ ဖြစ်ထွန်းမယ်လို့ ယုံကြည်ပါတယ်။

**Dr.Juergen Zoll (ဂျာမနီ)**

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးမှာ အရှိန်အဟုန်မြှင့်တင်ဖို့ ကျွန်တော်တို့အစိုးရက ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်က ဖြစ်ပေါ်လာတဲ့ မြန်မာနိုင်ငံရဲ့ တိုးတက်မှုတွေကို အသိအမှတ်ပြုပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ မြန်မာကို ကူညီဖို့ အစီအစဉ်ချမှတ်ထားပါတယ်။ လူမှုရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများစွာကို တွေ့မြင်ရတဲ့အတွက် ဝမ်းသာပါတယ်။

**Mr.Gautam Mukhopadlhaya (အိန္ဒိယ)**

လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍတွေနဲ့ ပညာရေးကဏ္ဍတွေအပြင် မွေးမြူရေး ကဏ္ဍတွေမှာလည်း ကျွန်တော်တို့ အကူအညီပေးခဲ့ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းနဲ့ နည်းပညာဆိုင်ရာ အကူအညီပေးခဲ့ပြီး အခုအခါ ပညာရေးကဏ္ဍ၊ လေကြောင်းပျံသန်းရေးနဲ့ အင်္ဂလိပ်စာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီတွေပေးနေပါတယ်။ နေပြည်တော် သဘောတူညီချက်ကတစ်ဆင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးအကူအညီပေးခဲ့ပြီး ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေမှာ အကူအညီပေးခဲ့ပါတယ်။

**Janet E.Jackson (UNFPA)**

ကျွန်မတို့ဟာ မြန်မာအစိုးရနဲ့ ဆက်ဆံရေးကြာညောင်းခဲ့ပြီး ညှိနှိုင်းဆွေးနွေးမှုတွေမှာ ကဏ္ဍအလိုက် ဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ နေ့စဉ်လူ့အဖွဲ့အစည်းမှာ ပြောင်းလဲမှုတွေရရှိဖို့ လူမှုရေးပြဿနာ၊ ကျား/မ တန်းတူအခွင့်အရေး၊ ကျန်းမာရေး၊ ပညာရေးမှာ ပါဝင်ကူညီခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ ကျွန်မတို့ရဲ့အခန်းကဏ္ဍဟာ အလွန်ကြီးမားတယ်လို့ ယူဆပါတယ်။ အခုဖိုရမ်က ဆွေးနွေးချက်တွေဟာလည်း အဆင့်မြင့်တာကို တွေ့ရပါတယ်။ အခုဖိုရမ်ကတစ်ဆင့် စွမ်းဆောင်ရည်မြှင့်တင်မှုတွေ၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်တွေ၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှုတို့မှာ ပိုပြီးပြောင်းလဲဖို့ လိုအပ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးမှာ လူမှုရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေရဲ့ အသီးအပွင့်တွေကို အောက်ခြေလူတန်းစားတွေခံစားရမှုနည်းပါးသေးပါတယ်။

**Mrs.Suchada Thaibunthao (ထိုင်းနိုင်ငံ)**

မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုမှာ အစိုးရရဲ့ အားထုတ်မှုကို အသိအမှတ်ပြုပါတယ်။ ထိုင်းနိုင်ငံဟာ ၁၉၆၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံကို နည်းပညာအရ ကူညီမှုပေးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံ Connectivity ပိုမိုထိရောက်မှုရှိလာဖို့ ကူညီပေးခဲ့ပါတယ်။ ပင်လယ်ရေနက်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊ မ တန်းတူအခွင့်အရေးရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွေမှာ အသိပညာ အတွေ့အကြုံတွေဖလှယ်ခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ်မှာလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရရှိဖို့ မြန်မာအစိုးရနဲ့ ပူးပေါင်းမယ့် အစီအစဉ်တွေရှိပါတယ်။ ဒီနေ့ မြန်မာအစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ ပြည်သူတွေအတွက် အထူးအရေးကြီးပါတယ်။

**ဒေါက်တာသက်သက်ခိုင် (UMFCCI)**

လူမှုဖွံ့ဖြိုး တိုးတက်ရေးမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ အဲဒီလိုပဲ ကောင်းမွန်တဲ့ လုပ်ငန်းခွင်တစ်ရပ် ဖန်တီးရေး၊ အသေးစား စီးပွားရေး လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အတူ ကျေးလက်မြို့ပြနေ ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်း သင်တန်းတွေရရှိဖို့အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။

**(ဖြိုးစန္ဒာမြင့်၊ မြတ်မွန်ထွေး)**

# ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်အောင် ကြိုးပမ်းခဲ့ကြ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်နှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်တို့ကို မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း၌ ကျင်းပနိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံအတွက်ရရှိသည့် အကျိုးရလဒ်နှင့် ယခုကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကျင်းပနိုင်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ဝါဝါမောင်က ရှင်းလင်းပြောပြခဲ့သည်။

"မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၉ နဲ့ ၂၀ ရက်မှာ ကျင်းပခဲ့တယ်။ အဲဒီတုန်းကတော့ မိတ်ဆက်ပေါ့နော်။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံကို အင်အားကြီးနိုင်ငံတွေက ပစ်ပယ်ထားတယ်။ စီးပွားရေး ပိတ်ဆို့မှုတွေလည်း လုပ်ထားတဲ့အခါမှာ အထီးကျန်စွာနဲ့ နေခဲ့ရတယ်။ သူတို့တွေအနေနဲ့ ကိုယ့်အပေါ်မှာ အမြင်တွေက မကောင်းဘူးပေါ့နော်။

နိုင်ငံအနေနဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကို အသေအချာ လုပ်ကိုင်မယ်လို့ ဆုံးဖြတ်ချက်ချပြီး ချိန်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ရေးဆွဲပြီး အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ချပြပြီး ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်အောင် ကြိုးပမ်းခဲ့ကြတယ်။

ဒါကြောင့် ပထမအကြိမ်ဖိုရမ်က တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆက်ပြီး ယုံကြည်မှုတည်ဆောက်တယ်။ သူ့ဘက်ကိုယ့်ဘက် ဆောင်ရွက်နေတဲ့လုပ်ငန်းတွေရဲ့ သတင်းအချက်အလက်တွေကို ဖလှယ်ကာအနာဂတ်မှာ မြန်မာနိုင်ငံက လျှောက်လှမ်းမယ့် လမ်းကြောင်းတွေကို အတူလေ့လာကြပြီး ရင်းနှီးမှုရယူပါတယ်။

အဲဒီကတစ်ဆင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတွေကို ကျင်းပခဲ့ပါတယ်။ နှစ်ဖက်စလုံးအနေနဲ့ နိုင်ငံရဲ့ ဦးစားပေးလုပ်ငန်းတွေကို နားလည်သိရှိဖို့ နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် Action Plan တွေကို အတူတကွရေးဆွဲခဲ့ကြတယ်။ ကုလသမဂ္ဂအနေနဲ့ ယခင်က လူသားချင်းစာနာမှု အကူအညီတွေပေးနေရာကနေ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီဘက်ကို ပြောင်းလာတယ်။

ဒါကြောင့် နိုင်ငံအနေနဲ့ ယခင်က သနားလို့ပေးတယ်ဆိုတဲ့အကူအညီဆိုတာထက် ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကို ကူညီသည့်အပိုင်းသို့ လမ်းကြောင်းပေးနိုင်ခဲ့ပါတယ်။ အဲဒီကတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာ ပိုမိုနက်နက်ရှိုင်းရှိုင်း ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ အဲဒီမှာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကော်မတီ/အဖွဲ့တွေကို ဖွဲ့စည်းလာနိုင်ပြီး ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုနဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသာမက နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်လာနိုင်ခဲ့ပါတယ်။ နယ်ပယ်ကဏ္ဍအလိုက် ကျွမ်းကျင်မှုတွေကို နိုင်ငံရဲ့ လိုအပ်ချက်အလိုက် ပြန်လည် ပေါင်းစပ်ညှိနှိုင်းနိုင်ဖို့ အခွင့်အရေးတွေ ရလာခဲ့ပါတယ်။

ယခင်က နိုင်ငံအနေနဲ့ လုပ်ငန်းစီမံချက်တွေကို ကိုယ်ပိုင်ဘတ်ဂျက်ထဲမှာ ရေးဆွဲရတဲ့အတွက် မလုံလောက်တဲ့အပြင် နယ်ပယ်ကဏ္ဍစုံကို ကျယ်ကျယ်ပြန့်ပြန့်မဆောင်ရွက်နိုင်ခဲ့ဘူး။ ယခုအခါမှာ အခမဲ့ အကူအညီတွေ၊ ချေးငွေတွေနဲ့ အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေကိုရယူပြီး တိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်။

အဲဒီလို ဘဏ္ဍာငွေကြေးအရင်းအမြစ်တွေ များလာတဲ့အတွက် ဖွံ့ဖြိုးမှုအစီအစဉ်တွေကို တိုးမြှင့်ဆောင်ရွက်လာနိုင်ခဲ့တယ်။ ဒီလိုရရှိလာတဲ့အခါမှာ အစိုးရအနေနဲ့ ထိရောက်တဲ့ စီမံခန့်ခွဲမှု အပိုင်းတွေ လိုအပ်လာတယ်။ အဖွဲ့အစည်းအရ ပူးပေါင်းဆောင်ရွက်ရမယ့် ယန္တရားတွေ တည်ဆောက်ထားပေမယ့် လုပ်ငန်းလည်ပတ်မှု အပိုင်းမှာ ပြည်သူလူထုကို ထိထိရောက်ရောက် ရလဒ်ကောင်းတွေပေးနိုင်ဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ နိုင်ငံရဲ့ အခြေအနေကို နားလည်ပြီး ဘယ်လို ပူးပေါင်းပြီး ထိထိရောက်ရောက်

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ဝါဝါမောင် ရှင်းလင်းပြောပြစဉ်။

ပါဝင်ဆောင်ရွက်မလဲ၊ အရှိန်အဟုန်မြှင့်နိုင်မလဲဆိုပြီး ရည်ရွယ်တာပါ။ မနှစ်တုန်းကလုပ်တဲ့ Cooperation အခြေအနေမျိုးဖြစ်ပါတယ်။ ဒီနှစ်ကတော့ လုပ်နေတဲ့ Cooperation ကို ပိုပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ကျွန်မတို့နိုင်ငံမှာ ကျင်းပနိုင်တဲ့အတွက် နိုင်ငံပုံရိပ်ကို နိုင်ငံတကာအလယ်မှာ မြှင့်တင်လာနိုင်ပါတယ်။ နိုင်ငံတော်တော်များများက ကျွန်မတို့နိုင်ငံကို အထင်သေးမှုတွေရှိခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို လုပ်နိုင်ပါ့မလားဆိုတဲ့ အမြင်တွေရှိခဲ့ပါတယ်။ ဒီနေရာမှာ နိုင်ငံအနေနဲ့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့အတွက် နိုင်ငံပုံရိပ်တိုးတက်လာပြီး အာဆီယံ ထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေကိုလည်း လုပ်ကိုင်နိုင်မယ်ဆိုတဲ့ ယုံကြည်မှုကိုရရှိခဲ့ပါတယ်။ ဒီလိုအစည်းအဝေးတွေ၊ ဖိုရမ်တွေလုပ်နိုင်တဲ့အတွက် ပါဝင်ဆောင်ရွက်ကြရတဲ့ ဝန်ကြီးဌာနတွေနဲ့ အဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတကာအတွေ့အကြုံတွေ တိုးတက်လာပါတယ်။ နောက်တစ်ခုက အစည်းအဝေးတွေကို ဘယ်လိုစီမံခန့်ခွဲဆောင်ရွက်ရမယ်ဆိုတဲ့ အတွေ့အကြုံတွေကို ရရှိစေပါတယ်။ အတွေ့အကြုံတစ်ခုတည်း မဟုတ်ပါဘူး။ အစည်းအဝေးတစ်ခုရဲ့ ရလဒ်ကောင်းတွေရရှိအောင် ဆောင်ရွက်ရတဲ့ နည်းပညာတွေကိုပါ ရရှိခဲ့ပါတယ်။ အဓိကအားဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို ပိုမိုနားလည်ပါဝင်လာနိုင်အောင် ရည်ရွယ်ပြီး အခုလိုဖိုရမ်တွေကို ကျင်းပရခြင်းဖြစ်ပါတယ်။

ဖိုရမ်တွေကျင်းပရခြင်းဖြင့် နိုင်ငံရဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေကို ငွေကြေးအရ အကူအညီရဖို့တစ်ခုတည်းသာမက နိုင်ငံဖွံ့ဖြိုးမှုအတွက် အကြံဉာဏ် တောင်းခံတဲ့အတွက် ယခင်နဲ့မတူတဲ့ သူတို့အပေါ်ထားရှိတဲ့အမြင်တွေကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ Stakeholder အဖြစ် ထိတွေ့ဆက်ဆံပါတယ်။ သူတို့တွေရဲ့ အကြံဉာဏ်နဲ့ နည်းပညာတွေကိုပါရယူပါတယ်။

နိုင်ငံအနေနဲ့လည်း အောင်မြင်အောင် ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ ခံယူချက်ထားရှိပြီး ဖြစ်တဲ့အတွက် နိုင်ငံကောင်းဖို့အတွက် ပူးပေါင်းဆောင်ရွက်မယ် ဆိုတာကြောင့် နှစ်ဖက်ဆက်ဆံရေးဟာ တိုးတက်ကောင်းမွန်နေပါတယ်။

အခုဖိုရမ်မှာ သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက် ကျွမ်းကျင်သူတွေ စုဖွဲ့ဆွေးနွေးခဲ့ကြတဲ့အတွက် ရှေ့ဆက်လက်ပြီး ရလဒ်ကောင်းတွေရဖို့အတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ ပေါ်ထွက်လာမှာပါ။ ဒါပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမှာပါ။

ပြည်သူတွေအနေနဲ့ စဉ်းစား၊ ဆင်ခြင်၊ ချင့်ချိန်၊ သုံးသပ်တတ်တဲ့သူတွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် မီဒီယာရဲ့ အခန်းကဏ္ဍက အများကြီး အရေးကြီးပါတယ်။ အခုလိုဖိုရမ်မှာ သက်ဆိုင်ရာပုဂ္ဂိုလ်များရဲ့အမြင်တွေကို များများထုတ်လွှင့်ပေးခြင်းအားဖြင့် သာမန်ပြည်သူတွေအနေနဲ့ နိုင်ငံရဲ့ပြုပြင်ပြောင်းလဲတိုးတက်မှုတွေ၊ ဆောင်ရွက်မှုတွေကို သိရှိပြီး စဉ်းစားချင့်ချိန်သုံးသပ်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါမှလည်း ဒီမိုကရေစီ လူမှုအသိုက်အဝန်း ထူထောင်တဲ့အခါမှာ အသိဉာဏ်ကြွယ်ဝတဲ့ နိုင်ငံသားတွေအဖြစ် ပါဝင်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါမှလည်း အရွယ်ရောက်သူတိုင်းအနေနဲ့ စနစ်တကျ ရွေးချယ်ဆန္ဒမဲပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုလို အသိအမြင်ဗဟုသုတတွေ အများကြီးလိုအပ်ပါတယ်။"

**(သူရဇော်)**

# မြန်မာနိုင်ငံတွင် ကြီးမားသောပြုပြင်ပြောင်းလဲမှုများ မြင်တွေ့နေရ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က သုံးသပ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံတွင် ကြီးမားသော ပြုပြင်ပြောင်းလဲမှုများကို မြင်တွေ့နေရပြီး ယခုလက်ရှိစီးပွားရေးအခြေအနေသည်လည်း အလားအလာကောင်းသည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က သုံးသပ်ထားသည်။

သို့ရာတွင် ငွေကြေးဖောင်းပွမှုသည် ယခုလက်ရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ခြောက်ရာခိုင်နှုန်း၏အထက်၌ ရှိနိုင်သည့်အတွက် မြင့်မားနေသေးကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ယခုထက် မြင့်မားနေဦးမည်ဖြစ်ကြောင်း IMF အဖွဲ့၏ မြန်မာ-မက်ခရို စီးပွားရေးသုံးသပ်ချက်အရ သိရသည်။

ထို့အပြင် မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှုစွမ်းရည်မှာ အကန့်အသတ်ရှိနေသေးကြောင်း၊ ကြွေးမြီမြင့်မားနေပြီး ကျပ်ငွေတန်ဖိုးကျလျက် လျှပ်စစ်မီးမီတာနှုန်းမြှင့်တင်ခြင်းစိန်ခေါ်မှုများလည်း ရှိနေသေးကြောင်း၊ နိုင်ငံတကာ အရန်ငွေကြေးပမာဏလည်း နည်းပါးနေသေးပြီး ငွေကြေးအတက်အကျဒဏ်လည်းရှိနေသေးကြောင်း အဆိုပါအဖွဲ့၏ သုံးသပ်ချက်အရ သိရှိရသည်။

တစ်ဖက်တွင် မြန်မာနိုင်ငံ၌ ဝန်ထမ်းများအား စောင့်ကြပ်ကြည့်ရှုသော အစီအစဉ်သည် အောင်မြင်လျက်ရှိပြီး IMF ကအားပေးထောက်ခံပါကြောင်း၊ ဤအစီအစဉ်တွင် ပါဝင်ကူညီခဲ့ရမှု အပေါ်လည်း အားရကျေနပ်ပါကြောင်းဖြင့် ယင်းသုံးသပ်ချက်တွင် ဖော်ပြထားသည်။

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားရန်ပုံငွေတိုးတက်စေရန် ငွေကြေးမူဝါဒစွမ်းရည်ကိုလည်း တည်ဆောက်ရမည်ဖြစ်ကြောင်း IMF က ထောက်ပြထားသည်။

အာဏာပိုင်များသည် ဘဏ္ဍာငွေဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် ငွေကြေးလိုငွေပြမှုအား ဂျီဒီပီ၏ ငါးရာခိုင်နှုန်းဖြစ်စေမည်ဟု ရည်မှန်းချက်ထားကြောင်း၊ သို့ရာတွင် ခေတ်မီတိုးတက်သော ဘဏ္ဍာရေးကဏ္ဍရရှိရေးအတွက် ထိရောက်သောပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အားထုတ်မှုများလိုအပ်နေပြီး နှစ်အနည်းငယ် ကြာမြင့်ဦးမည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။ သို့သော် IMF အနေဖြင့် အာဏာပိုင်များနှင့် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ပြန့်စွာ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖြိုးစန္ဒာမြင့်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၃၀-၁-၂၀၁၆ (ကြာသပတေးနေ့)

| | |
|---|---|
| ၅း၄၀ | "မျှတမှ တရားရ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ) |
| ၆း၄၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၈၅) |
| ၁၀း၀၀ | ခေတ်သစ်ပျို့မေ |
| ၁၁း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်နည်းပညာတက္ကသိုလ် ၂၀၁၃-၂၀၁၄ ခုနှစ် ဘာသာရပ်ပေါင်းစုံ မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနား) |
| ၆း၂၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၈၆) |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၅၈) |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၆၉) |
| ၉း၂၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၂၉) |

# မြန်မာပြည်သူပြည်သားများ အကျိုးရှိစေမည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ဥရောပသမဂ္ဂထောက်ပံ့ပေးသွားမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ မစ်ရှင်ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် "ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်"၏ ကြိုးပမ်းနေမှုအား ကြိုဆိုကြောင်းကို ယခုဖိုရမ်ကျင်းပစဉ်ကာလအတွင်း ထုတ်ပြန်ခဲ့သည့် ဥရောပသမဂ္ဂ၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်အရ ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံတွင် လုပ်ဆောင်ပေးမည့် လုပ်ငန်းများအတွက် ဘက်စုံအကျိုးဝင်သည့် စီမံကိန်းများကိုလည်း ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂ၏ရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများကို ထောက်ခံလျက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို တန်ဖိုးထားရန်နှင့် မြန်မာအစိုးရအား နိုင်ငံတကာဝန်းကျင်တွင် နေရာပြန်လည်တည်ဆောက်ရန်အတွက် ကူညီပေးရေးပင်ဖြစ်ကြောင်း သိရသည်။

ထို့အပြင်ဥရောပသမဂ္ဂ-မြန်မာ လုပ်ငန်းအကောင်အထည်ဖော်သော အဖွဲ့အား ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကာ ယခုလက်ရှိ ပြောင်းလဲနေသောအချိန်တွင် အကောင်းဆုံးအကူအညီများ ပေးနိုင်မည်ဖြစ်ကြောင်း ယင်းကြေညာချက်အရ သိရသည်။

ဆက်လက်၍ ဥရောပသမဂ္ဂသည် မြန်မာပြည်သူပြည်သားများ အကျိုးရှိစေမည့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အားလုံးပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

**(ဖြိုးစန္ဒာမြင့်)**

# အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေဖြင့်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရေး စီမံကိန်းအတွက် ချေးငွေစာချုပ်လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)တို့အကြား ချေးငွေစာချုပ် (Loan Agreement) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် တာဝန်ရှိသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr.Putu Kamayana နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုင်ငံ၏စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးမူဝါဒနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စု စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားနိုင်သည့်အတွက် ကျန်အိမ်ထောင်စုများမှာ လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲနိုင်ရေးကိုလည်း ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ကဏ္ဍသည် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်း သုံးပိုင်းလုံးကို အချိုးညီညီရင်းနှီးမြှုပ်နှံနိုင်မှသာ အရည်အသွေးကောင်းမွန်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို အကျိုးရှိရှိဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်၏ဘတ်ဂျက်တစ်ခုတည်းမှ လုံလောက်စွာဖြည့်ဆည်းပေးရန်မဖြစ်နိုင်သည့်အတွက် နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများထံမှ ချေးငွေနှင့် အကူအညီအထောက်အပံ့များရယူခြင်း၊ ပုဂ္ဂလိကမှ ပိုမိုပါဝင်လုပ်ကိုင်စေခြင်း မူဝါဒများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအတွက် Power Sector Advisor၊ Model PPA နှင့် IPP Frame Work၊ လျှပ်စစ်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲရေးနှင့် Financial Management တို့အတွက် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများကို ပေးအပ်ထောက်ပံ့လျက်ရှိကြောင်း။

ယနေ့လက်မှတ်ရေးထိုးမည့် Loan Agreement အရ ချေးငွေအမေရိကန်ဒေါ်လာသန်း ၆၀ ဖြင့် တိုင်းဒေသကြီးလေးခုဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတို့ရှိ ဓာတ်အားဖြန့်ဖြူးရေးစနစ်အတွင်းသုံးစွဲဝန်အားပိုနေသော ဓာတ်အားခွဲရုံများတွင် ထရန်စဖော်မာအသစ်များတိုးချဲ့တပ်ဆင်ခြင်း၊ ဟောင်းနွမ်းနေသော ဓာတ်အားလိုင်းကြိုးများကို အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းတွင် မူလကြေးကြိုးအစား Aerial Bundled Conductor (ABC) များလဲလှယ်ခြင်းနှင့် Digital မီတာများ အစားထိုးတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် Technical နှင့် Non Technical Losses တိုက်တွန်းလိုကြောင်း၊ ၄ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ရန် ရည်မှန်းထားကြောင်း၊ လုပ်ငန်းဆောင်ရွက်သည့် တိုင်းဒေသကြီးလေးခုမှာ လျှော့ချနိုင်သည့် ဓာတ်အားပျောက်ဆုံးမှုများကို ဓာတ်အားမရရှိသေးသည့် အခြားနေရာဒေသများမှာ ဓာတ်အားပိုမိုသုံးစွဲနိုင်မည်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတွက် အကျိုးရှိသည့် စီမံကိန်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းနှင့်အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr.Putu Kamayana တို့သည် ချေးငွေစာချုပ် (Loan Agreement) တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှပ်စစ်စွမ်းအင်သုံး အင်ဂျင်စွမ်းအင်မြင့် VOLAR-E

လျှပ်စစ်စွမ်းအင်သုံး ကားအမြောက်အမြား ကမ္ဘာပေါ်တွင်ရှိသော်လည်း ယခုမိတ်ဆက်ပြသလိုက်သည့် VOLAR-E ကားအမျိုးအစားမှာ အင်ဂျင်စွမ်းအင်အမြင့်ဆုံးဖြစ်လာနိုင်ဖွယ် ရှိကြောင်း ပြန်ကြားရေးမီဒီယာ စာမျက်နှာများတွင်တွေ့ရသည်။ ပြိုင်ကားအမျိုးအစားဖြစ်ပြီး ကိုယ်ထည်မှာ ကမ္ဘာကျော်ပြိုင်ကားတို့၏ အစဉ်အလာအတိုင်း ကာဗွန်ဖိုင်ဘာသတ္တုစပ်ကိုပင် အသုံးပြုထားကြောင်း သိရသည်။ လျှပ်စစ်မော်တာလေးလုံးတပ်ဆင်ထားပြီး ဘရိတ်စနစ်မှာလည်း ကာဗွန်သတ္တုစပ်တစ်မျိုးထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။ စပိန်နိုင်ငံမှ ကား၏ကိုယ်ထည်နှင့် အတွင်းပိုင်းအတွက် ဒီဇိုင်းဖန်တီးပေးထားပြီး ဥရောပနိုင်ငံများရှိ ပြိုင်ကားပရိသတ်များ အကြိုက်တွေ့စေရန် ကြိုးစားဖန်တီးပေးထားသည်ဟု ၎င်းပြိုင်ကား၏ မီဒီယာစာမျက်နှာများတွင်တွေ့ရသည်။ အဆိုပါကား၏ အင်ဂျင်စွမ်းအင်မှာ မြင်းကောင်ရေ ၁၀၀၀ အထိရှိပြီး လျှပ်စစ်စွမ်းအင်သုံး ကားများထဲတွင် အင်ဂျင်စွမ်းအားအမြင့်ဆုံးဖြစ်သည်ဟု သိရသည်။ တစ်နာရီလျှင် မိုင် ၂၀၀ နီးပါးအထိ အရှိန်မြှင့်မောင်းနှင်နိုင်ပြီး လျှပ်စစ်စွမ်းအင်အတွက် ဘက်ထရီစနစ်ပါဝင်သည်ဟု သိရသည်။ အဆိုပါဘက်ထရီကို မိနစ် ၃၀ ခန့်အားသွင်းပေးနိုင်ရုံဖြင့် ကားကိုမောင်းနှင်အသုံးပြုနိုင်ပြီး ၃ ဒသမ ၄ စက္ကန့်အတွင်း တစ်နာရီလျှင် ၆၂ မိုင်နှုန်း၊ ၁၂ ဒသမ ၁ စက္ကန့်အတွင်း တစ်နာရီလျှင် ၁၈၆ မိုင်နှုန်းအထိ အရှိန်မြှင့်မောင်းနှင်နိုင်သည်ဟု မီဒီယာစာမျက်နှာများတွင် တွေ့ရသည်။ အဆိုပါ လျှပ်စစ်စွမ်းအင်သုံး ပြိုင်ကားကို VOLAR-E ဟု အမည်ပေးထားပြီး ဥရောပကားဈေးကွက်အတွင်း ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

# ဗုဒ္ဓပူဇနီယပွဲတော်တွင် ခြင်းအလှခတ်ပွဲဖြင့် ပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ခြင်းလုံးအစ မြန်မာကဆိုသည့် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနှင့် ယဉ်ကျေးမှုတို့ကို မြန်မာတို့ ဆက်လက် ထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်၍ ခြင်းအလှခတ်ပွဲများကို (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများ၏ ရွှေတံဆိပ်ဆုရှင် ၃၀ ကျော်နှင့် အခြားခြင်းအဖွဲ့ဝင်များသည် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မကုန်းတော်ပေါ်ရှိ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး) ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အထိ ဆိုင်ခန်းများဖြင့် နေ့စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်းနှင့် ခြင်းအဖွဲ့ပေါင်း ၂၀ ကျော်၊ ခြင်းလုံးအားကစားသမားပေါင်း ၃၃၀ ကျော်တို့က နိုင်ငံကျော်ရွှေတံဆိပ်ဆုရှင် ပေါက်ကျော်မဆိုင်းအဖွဲ့ဖြင့် ခြင်းအလှပူဇော်မည်ဟုသိရသည်။

**မြင့်ဦး(အင်းစိန်)**

## လူပျောက်



အမှတ်(၈)၊ မင်္ဂလာလမ်း၊ သန်လျင်မြို့မှ ဦးတင်အေး အသက်(၈၀) ဆံ့အနားမကြားလည်ပင်းဘုပါ၊ အသားဖြူ အရပ်(၆)ပေခန့် အိမ်မှပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးပြု၍ အကြောင်းကြားပေးပါရန်။

ဒေါ်တင်တင်အေး[၁၂/သလန(နိုင်)၀၃၀၈၉၇]

ဖုန်း-၀၉-၄၂၀၁၉၀၆၂၄၊

၀၉-၄၂၁၁၁၂၃၆၊ ၀၉-၅၀၅၉၇၄၄

**မီး သတိပြု**



# မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့ နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် နတ်စောင့်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျောင်းအုပ်ကြီးနှင့်ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံရွာသူရွာသားများနှင့် တွေ့ဆုံပြီး ဒေသခံများ၏ တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဇဂျမ်းကျေးရွာနှင့် ကန်မြဲကျေးရွာများ၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အာဟာရမျှတစွာ စားသုံးနိုင်ရန်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်စေရန် မွေးမြူရေးဘဏ်များ ထူထောင်ပေးပြီး ကျေးရွာသူကျေးရွာသားများ မွေးမြူလိုသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ တိရစ္ဆာန်များကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့ပြင် ဇဂျမ်းတိုက်နယ်အခြေခံပညာအထက်တန်းကျောင်းနှင့် ကန်မြဲအခြေခံပညာ မူလတန်းကျောင်းတို့၏ လိုအပ်ချက်များအား ပံ့ပိုးဖြည့်ဆည်းပေးသည်။ ယင်းနောက် ကျေးလက်ရေရရှိရေး သောက်သုံးရေစက်ရေတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများအတွက် ဆိုလာမီးသုံးစုံ ပေးအပ်လှူဒါန်းသည်။

ထို့အတူ ထနောင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံရွာသူ ရွာသားများနှင့် တွေ့ဆုံ၍ ဇဂျမ်း-မင်းရင်ကျေးရွာ ချင်းဆက်လမ်း ဖောက်လုပ်ပေးရေး၊ မင်းရင်ကျေးရွာစာသင်ကျောင်းအတွက် စာသင်ခုံများ၊ ထနောင်းကုန်းကျေးရွာ အဝင်ကျောက်ခင်းလမ်း ဖောက်လုပ်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဝဲလောင်မြို့နယ်ခွဲ ဝဲလောင်ကျေးရွာ၊ ဆည်ရွာ၊ လယ်ဟောင်းကျေးရွာ၊ ကန်နီကျေးရွာ၊ အောင်ချမ်းသာကျေးရွာနှင့် ကျောက္ကာကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရေး၊ ဝဲလောင်-လဲဟောင်းကျေးရွာချင်းဆက်လမ်း၊ ဝဲလောင်-ခံမင်းကျေးလက်လမ်းဖောက်လုပ်နိုင်ရေးတို့အတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားပြီး ဆိုလာမီးအိမ်များ၊ ပန်းပေါင်းစုံဘုရားဆင်းတုတော်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ငါးပိငါးခြောက်များနှင့် နှစ်သစ်ကူးပြက္ခဒိန်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအထူးဒေသ မဟာသန္တိသုခစေတီတော် ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသ လောက်ကိုင်ခရိုင် ကုန်းကြမ်းမြို့နယ် မော်ထိုက်မြို့နယ်ခွဲ ကိုးကန့်သာသနာပြုကျောင်း ပရိဝုဏ်အတွင်းရှိရဋ္ဌပါလကုန်းတော်ပေါ်တွင် တည်ထားပြီးစီးသွားသည့် မဟာသန္တိသုခစေတီတော် ဌာပနာတော်သွင်း မဟာ မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ဌာပနာများ သွင်းလှူပူဇော်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိ သာမဏေကျော် စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂန္ထဝါစကပဏ္ဍိတ၊ ဒေါက်တာ ဘဒ္ဒန္တ တေဇောသာရာဘိဝံသ အမှူးပြုသော သံဃာတော်အရှင်သူမြတ် ၁၈ ပါး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသမှအလုပ်အမှုဆောင်ကော်မတီဝင် ဦးမြီရှောက်ချန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းဆရာ ဆရာမများ၊ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ကိုးကန့်တိုင်းရင်းသူ တိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

မင်္ဂလာအချိန် နံနက် ၉ နာရီ ၉ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများက သတ္တဌာနဗုဒ္ဓရုပ်ပွားတော်များ၊ ဓာတ်တော်မွေတော်နှင့် ဌာပနာပစ္စည်းများအား မဟာသန္တိသုခစေတီတော် မြတ်ကြီး၏ ဌာပနာတော်တိုက်တွင် သွင်းလှူခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ညောင်သုံးပင်ဆရာတော်ကြီး အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့က သိမ်ဆောက်လုပ်မည့် မြေနေရာအား သိမ်သမုတ်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများက သိမ်ဆင်းလောင်းလှူပူဇော်ခဲ့ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များအား ကိုးကန့်သာသနာပြုဌာန သံလွင်ဦးမွှာရုံ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က နယ်စပ်နှင့်တောင်တန်းဒေသတွင် သာသနာ့တာဝန်ထမ်းဆောင်လျက်ရှိသော သံဃာတော်အရှင်သူမြတ်တို့အား သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အာဆီယံနိုင်ငံများ၏ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၁၄ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်အာဆီယံနိုင်ငံများ၏ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၁၄)ကို ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ မင်္ဂလာသီရိဟိုတယ် နေပြည်တော်၌ Library for Society ခေါင်းစဉ်(Theme) ဖြင့်ဒစ်ဂျစ်တယ်စာကြည့်တိုက်များသို့ရှေးရှုသော စာကြည့်တိုက်ပညာရှင်များ၏ အသိပညာမြင့်မားရေး ( Professional Development Towards Digital Library Environment)၊ စာကြည့်တိုက်ပိုင်စာပေပစ္စည်းများထိန်းသိမ်းစောင့်ရှောက်ရေး ( preservation of Library Materials) နှင့်လူထုအခြေပြုစာကြည့်တိုက်လှုပ်ရှားမှုများ (Community-based Library Activities) ဟူ၍ ခေါင်းစဉ်ခွဲသုံးခုခွဲခြားကာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် စာကြည့်တိုက်များနှင့် စာကြည့်တိုက်ပညာသင်ကြားရေးဌာနများတွင် တွေ့ကြုံရသော အခက်အခဲများ၊ ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ အောင်မြင်မှုများ၊ တိုးမြှင့်ဆောင်ရွက်နေသောလုပ်ငန်းရပ်များ၊ ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါနှီးနှောဖလှယ်ပွဲသို့ စာကြည့်တိုက်အသင်းအဖွဲ့များမှ စာကြည့်တိုက်ပညာရှင်များ၊ စာကြည့်တိုက်ပညာသင်ကြားရေးမှ ဆရာ ဆရာမများ၊ အငြိမ်းစား စာကြည့်တိုက်ပညာရှင်များ စုစုပေါင်း ၇၀ ခန့်နှင့် အာဆီယံနိုင်ငံများ၏ စာကြည့်တိုက်များမှ စာကြည့်တိုက်ပညာကျွမ်းကျင်သူ ၃၀ ခန့် တက်ရောက်ကြမည်ဖြစ်သည်။

နှီးနှောဖလှယ်ပွဲ၏ Registration Form နှင့် Schedule ကိုအမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) တို့တွင် ရယူနိုင်ပြီး ဇန်နဝါရီ ၂၉ ရက်နောက်ဆုံးထား၍ ပြန်လည်ပေးပို့ကြရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ဖုန်း-၀၁-၆၆၂၄၇၀၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန (နေပြည် တော်) ဖုန်း-၀၆၇-၄၀၈၃၈၄၊ Email :libraryforum2014@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ✻ BRT စနစ်မှ

BRT စနစ်ဖြစ်ပေါ်လာဖို့အတွက်စမ်းသပ်လေ့လာမှုတွေ အများကြီးပြုလုပ်ပြီးမှ ရရှိလာမယ့် အကျိုးရလဒ်တွေအပေါ် မူတည်ပြီးတော့မှ ဆက်လက်အကောင်အထည်ဖော်သွားမှာပါ။ လတ်တလောမှာ ပြည်သူတွေ အကျပ်အတည်းကြားကနေ အဆင်ပြေဖို့အတွက် စမ်းသပ်မှုလည်းပြုလုပ်ရင်း အမြန်ယာဉ် Pilot Project ကို စတင်ဖို့ စီစဉ်ဆောင်ရွက်နေတာဖြစ်ပါတယ်”ဟု Omni Focus ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်သီဟက ရှင်းလင်းပြောကြားသည်။

ခရီးသည်တင်ယာဉ်သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်ပြီး အမြန်ယာဉ်သယ်ယူပို့ဆောင်စနစ် ဖော်ဆောင်ရန် ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ Omni Focus ကုမ္ပဏီမှ မြန်မာ့စီးပွားရေး ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သို့ တင်ပြထားရှိကြောင်း သိရသည်။ **(ကေသိန်းဆွေ)**

### ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၁)တွင် ဖော်ပြထားသော သတင်းစာရှင်းလင်းပွဲသတင်းတွင် ကော်လံ(၁)၌ CSR (Complete Social Responsibility) အစား CSR(Corporate Social Responsibility)ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(ကြေးမုံ)**




### ကျေးဇူးဆပ်

ကျွန်တော် ကျော်ကျော်အောင် (ဘ) ဦးလွင်မြင့် P.P.No.A 261413မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကောက်ရသူကို ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၄၂၀၀၆၅၈၄၉

### ကျေးဇူးဆပ်

ကျွန်မ အေးနန်းနွယ် P.P. No.MA 507511 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကောက်ရသူကို ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၇၃၀၉၈၆၉၂



### ကားရောင်းမည်

Air-Con Express
၄၅ယောက်စီး ၊ ၂ခ/-----၊
ရောင်းမည်၊ ကျပ်သိန်း ၂၅၀
Ph: 09448533447

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် (စက်မှုဇုန်-၁)၊ မြေတိုင်း ရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ်(၄၆၆)၊ မြေအကျယ်အဝန်း (အလျား ပေ၆၀× အနံပေ၁၂၀)(၇၂၀၀-စတုရန်းပေ) ဧရိယာ(၀. ၁၆၅) ကေရှိနှစ် (၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစိုင်းဆမ် [၁၃/တကန (နိုင်) ၀၇၉၄၃၆] အမည်ပေါက် တည်ရှိနေသော မြေကွက်ဖြစ်ပြီး အဆိုပါမြေနှင့် အဆောက်အအုံကို ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေနှင့်ပတ်သက်၍ တရားဝင်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း မြေငှားဂရန်မူရင်းနှင့်တကွ ခိုင်လုံသော ဆက်စပ်စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်(ဘဏ်)**B.A, R.L** (စဉ်-၄၉၀၃) ဒေါ်ခင်နှင်းရည် **B.A,R.L**(စဉ်-၄၆၆၂)
တရားလွှတ်တော်ရှေ့နေနှင့် မြန်မာ့စီးပွားရေးဘဏ်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
အိမ်-တိုက်(၂)၊ အခန်း(၀၁၇)၊ နှင်းဆီလမ်း၊ ယုဇနကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၂၇၀၄၊ ၀၉-၅၁၀၆၄၀၆၊ ၀၉-၂၅၄၀၇၀၁၇၁

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၈-လမ်း၊ တိုက်အမှတ်-၁၆၊ ၄-လွှာ၊ ယာဘက်ခြမ်း၊ (ထောင့်ခန်း)၊ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသောလျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး၊ မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းလှိုင်[၁၂/တမန(နိုင်)၀၇၁၃၈၇] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင်သူရ(မြောင်းမြ) ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)
**LL.B,A.G.T.I(EP),D.B.L,D.M.L** **LL.B,WIPO(SWITZERLAND)**
**WIPO(SWITZERLAND)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈) ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁)
ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး **LL.B,WIPO(SWITZERLAND)**
အထက်တန်းရှေ့နေများ
အမှတ်-၁၃၂၊ ပထမထပ်၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

### ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း Two Way Digital Trunking Radio System စနစ်ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အစည်းအဝေးများ ကျင်းပမည့် အောက်ဖော်ပြပါနေရာများတွင် Two Way Digital Trunking Radio System စနစ်ရရှိအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။
၂။ ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် စျေးနှုန်းတင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၃။ လုပ်ငန်းဆောင်ရွက်ရမည့်နေရာများ-
(က) နေပြည်တော် လေဆိပ်အပါအဝင် နေပြည်တော်တွင် Repeater (၆)ခု
(ခ) ရန်ကုန်လေဆိပ်အပါအဝင် ရန်ကုန်မြို့တွင် Repeater (၃)ခု
(ဂ) မန္တလေး လေဆိပ်အပါအဝင် မန္တလေးမြို့တွင် Repeater (၃)ခု
(ဃ) အရန် Repeater (၁)ခု
၄။ အိတ်ဖွင့်တင်ဒါများကို ၁၀-၂-၂၀၁၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုဗ္ဗသီရိအိတ်ချိန်း၊ နေပြည်တော်သို့ အရောက်တင်သွင်းရမည်။
၅။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။
- ဒုတိယအထွေထွေမန်နေဂျာရုံး၊ နေပြည်တော် ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော်၊
- အင်ဂျင်နီယာချုပ်ရုံး၊ ရုံးချုပ်အခြေစိုက် အဝေးဆက်သွယ်ရေးစခန်း၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်။ ဖုန်း-၀၉-၂၀၉၉၁၈၂၊ ၀၆၇-၈၁၀၀၁၂၂၊ ၀၆၇-၈၁၀၀၁၂၃

## ရွှေဟောင်းသမိုင်းဝင် သားခိုတောင်စေတီတော် ရွှေထီးတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာ၌ တည်ထားကိုးကွယ်သော ရွှေဟောင်းသမိုင်းဝင် သားခိုတောင်စေတီတော်ရွှေထီးတော်နှင့် စိန်ဖူးတော်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် အဆိုပါ စေတီတော်၌ကျင်းပရာ တပ်ကုန်းမြို့နယ် ရွာဦးစန္ဒာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒာသီရိ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ ဝိဇ္ဇာတောင်သာသနာပြုဆရာတော် အရှင်ဉာဏသိဒ္ဓိနှင့် အလှူရှင်တို့က ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်တို့ကို မြလေယာဉ်မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ရွှေမိုး ငွေမိုးရွာသွန်းဖြိုးပေးကြသည်။

သားခိုတောင်စေတီတော်မှာ ဘုရားလောင်း ကျွဲမင်းဘဝဖြစ်စဉ်က ဒေဝဒတ်ကျွဲမင်း၏ ရန်ပြုခြင်းကို ရှောင်ရှားခိုလှုံရာ တောင်တော်၌ တည်ထားကိုးကွယ်ထားခြင်းဖြစ်ပြီး ဝိဇ္ဇာတောင်သာသနာပြုဆရာတော်၏ဦးဆောင်မှုဖြင့် အလှူရှင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် လျှော်ဖြူကုန်းကျေးရွာနေ ဦးစန်းဝင်း-ဒေါ်တင်တင်မူ မိသားစုတို့က ရွှေထီးတော်အသစ်ပြုလုပ်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

**(အေးသန်း)**

## ဖခင်၏မွေးနေ့ကို ခမ်းနားစွာကျင်းပရန်စီစဉ်နေသည့် ဂျေစီချန်း

ဟောင်ကောင် ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်တစ်ဦးဖြစ်သူ ဂျေစီချန်းက ဖခင်ဖြစ်သူ ဟောင်ကောင်အက်ရှင် မင်းသားကြီး ဂျက်ကီချန်း၏ အသက်(၆၀)ပြည့် မွေးနေ့အခမ်းအနားကို လာမည့်ဧပြီလတွင် ပေကျင်းနှင့် ရှန်ဟိုင်းမြို့တို့တွင် အထူးအစီအစဉ်များဖြင့် ကျင်းပသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

တေးသံရှင် ဂျေစီချန်းက ဧပြီ ၇ ရက်တွင် ကျရောက်မည့် ဖခင်ဖြစ်သူ၏ အသက်(၆၀)ပြည့်မွေးနေ့အတွက် ဧပြီလ ၆ ရက်မှ ၁၀ ရက်အထိ ပေကျင်းနှင့် ရှန်ဟိုင်းမြို့တို့သို့ သွားရောက်ကာ ဖျော်ဖြေပွဲနှင့် ပရိသတ်တွေ့ဆုံပွဲများပါဝင်သည့် အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ပြီး ရှန်ဟိုင်းရှိ ဂျက်ကီချန်းရုပ်ရှင်ပြတိုက်ကိုလည်း ပရိသတ်များအား မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

သားဖြစ်သူ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး ဂျက်ကီချန်းက “အရမ်းအံ့ဩရပါတယ်၊ မိဘစေတနာတွေကို နားလည်တဲ့သားတစ်ယောက်ရထားတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်”ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး “ဧပြီ ၆ ရက်မှာ ပေကျင်းနဲ့ ရှန်ဟိုင်းကို သွားပြီးတော့ ကမ္ဘာအနှံ့က ပရိသတ်တွေကို လိုက်လံတွေ့ဆုံသွားမှာပါ”ဟု ဂျေစီချန်းက ဆိုသည်။

## သည်းထိတ်ရင်ဖိုဇာတ်ကားသစ်တွင် ထပ်မံမြင်တွေ့ရမည့် ဂျေလို

နာမည်ကျော် ဖက်ရှင်ဒီဇိုင်နာ၊ တေးသံရှင်နှင့် ရုပ်ရှင်မင်းသမီး ဂျနီဖာလိုပက်ဇ်က Lila And Eve အမည်ရှိ သည်းထိတ်ရင်ဖိုဇာတ်ကားသစ်တွင် ဟောလိဝုဒ်မင်းသမီး ဗိုင်အိုလာဒေ့ဗ်နှင့်အတူ ပူးတွဲပါဝင်သွားမည်ဖြစ်ပြီး ယင်းဇာတ်ကားကို ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင် ဖြန့်ချိထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ကုန်ကျငွေ အမေရိကန်ဒေါ်လာ သုံးသန်းနှင့် လေးသန်းကြားသာ အကုန်အကျခံ သုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် ယင်းဇာတ်ကားတွင် ဂျေလိုနှင့် မင်းသား Ryan Guzman တို့ အားပြိုင်သရုပ်ဆောင်မှုများကို မြင်တွေ့ရမည် ဖြစ်သည်။

အသက်(၄၄)နှစ်အရွယ် ဟောလိဝုဒ်ကြယ်ပွင့် ဂျေလိုသည် American Idol သီချင်းဆိုပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူထားသည့်အပြင် ဂျေလိုသည် လာမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဘရာဇီးအဆိုတော် Claudia Leitte ရက်ပ်အဆိုတော် Pitbull တို့နှင့်အတူ အဖွင့်သီချင်း သီဆိုဖျော်ဖြေသွားမည်ဖြစ်ကာ ၎င်း၏ အဋ္ဌမမြောက်အယ်လ်ဘမ်ကို ယခုနှစ်အတွင်း ထုတ်လုပ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## သဘာဝဓာတ်ငွေ့အခက်အခဲကိုအကြောင်းပြ၍ ယာဉ်စီးခပိုတောင်းကာ ခေါက်တိုပြေးဆွဲလာ

**ရန်ကုန် ဇန်နဝါရီ ၂၉**

သဘာဝဓာတ်ငွေ့ (CNG) ရရှိမှု အခက်အခဲကို အကြောင်းပြ၍ ရန်ကုန်အခြေစိုက်ခရီးသည်တင်ယာဉ်လိုင်းများတွင် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက ယာဉ်စီးခပိုတောင်းကာ ခေါက်တိုပြေးဆွဲလာကြကြောင်း စုံစမ်းသိရသည်။

“ဒီမနက်ပဲ လာတဲ့ကားရှားလို့ ရတဲ့ကားကိုတက်စီးရတယ်၊ ကားကရှစ်မိုင်မှာပြန်ကွေ့ရော၊ ဟိုနားဒီနားဆိုရင် နှစ်ရာ၊ ရှစ်မိုင်အထိ ငွေကျပ် ၅၀၀ ပေးရတယ်၊ ရုံးချိန်ဆိုတော့ ပိုဆိုးတာပေါ့” ဟု ထောက်ကြန့်မှ ရန်ကုန်မြို့လယ်သို့ နေ့စဉ်အလုပ်လာဆင်းသူတစ်ဦးက ပြောသည်။

နံနက်ပိုင်းက ခရီးသည်တင်ယာဉ်အများစုတွင် ခရီးသည်ပြည့်ကျပ်နေလျက်ရှိသလို ရုံးချိန်မှန်ရောက်ရှိရေးအတွက် လာသမျှယာဉ်ကို တောင်းသမျှဈေးဖြင့် စုပြုတက်ရောက်နေရသော အနေထားမျိုးတွင်ရှိကြောင်း ရွှေပြည်သာမှ ရန်ကုန်မြို့လယ်သို့ အလုပ်လာဆင်းသူတစ်ဦးက ပြောပြသည်။

ရွှေပြည်သာ၊ လှော်ကားဘက်မှ ဆူးလေဘက်သို့လာသော ခရီးသည်တင်ယာဉ်အများစုသည် သမိုင်းလမ်းဆုံတွင် လည်းကောင်း၊ ထောက်ကြန့် မင်္ဂလာဒုံဘက်မှလာသော ခရီးသည်ယာဉ်အများစုသည် ရှစ်မိုင်တွင်လည်းကောင်း သဘာဝဓာတ်ငွေ့ရရှိမှု အခက်အခဲကိုအကြောင်းပြကာ ခေါက်တိုလှည့်၍ပြေးဆွဲနေကြကြောင်း သိရသည်။ “ဒီနေ့ဘာဖြစ်လို့လဲမသိဘူး၊ ဂက်စ်ဆိုင်မှာ တော်တော်ကြာအောင် စောင့်ရတယ်၊ ကိုယ့်ကားလည်းဂက်စ်ဖြည့်ပြီးရောရုံးချိန်လွန်နေပြီ၊ ခရီးသည်ရှာဖို့အချိန်သိပ်မရှိတော့ဘူး” ဟု စီးတီးဘတ်စ်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

**(ဇေဝ)**

**မျိုးဝန္နာမောင်**

## ၂၀၁၅ တွင် ထွက်ရှိမည့် Pitch Perfect 2

၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သည့် လူငယ်ကြိုက်ဟာသဇာတ်မြူးတစ်ကားဖြစ်သည့် Pitch Perfect ၏ နောက်ဆက်တွဲဇာတ်ကား Pitch Perfect 2 တွင် ပထမဇာတ်ကားမှ မင်းသမီး အဲလိဇဘက်ဘန့်ခ်က ဒါရိုက်တာနှင့် သရုပ်ဆောင်အဖြစ် ပါဝင်ပုံဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး အဲလိဇဘက်က “ပထမဇာတ်ကားဟာ အရမ်းအောင်မြင်ခဲ့တဲ့ဇာတ်ကားဖြစ်သလို အတွေ့အကြုံကောင်းတွေလဲ အများကြီးရခဲ့ပါတယ်၊ Pitch Perfect 2 ကို ဒါရိုက်တာအဖြစ် ရိုက်ကူးရမှာ ကျွန်မရဲ့ ပထမဆုံး အတွေ့အကြုံပါ”ဟု ဆိုခဲ့သည်။

အဲလိဇဘက်သည် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိမည့် Hunger Games ဇာတ်လမ်းတွဲများတွင် လည်းကောင်း၊ ယခုနှစ်တွင် The Lego Movie၊ Every Secret Thing နှင့် Little Accidents ဇာတ်ကားတို့တွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် Pitch Perfect 2 ဇာတ်ကားတို့တွင် လည်းကောင်း ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

Pitch Perfect ဟာသဇာတ်ကားသည် ၂၀၁၂ ခုနှစ်အတွင်းက တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၁၃ သန်းရရှိခဲ့ပြီး တစ်နှစ်တာလုံးအတွက် ဒုတိယဝင်ငွေအကောင်းဆုံး ဟာသဇာတ်ကားဖြစ်ခဲ့သည်။





# YCDC ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် P.G.AMyanmar က ကြီးကြပ်သော YCDC Cup Winter Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် YCDC Cup Winter Senior Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၆ နာရီခွဲတွင် ငွေသော်တာဂေါက်ကွင်း၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးညီညီ၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြန်မာပီဂျီအေနှင့် မြန်မာစီနီယာပီဂျီအေကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးချမ်းဟန်၊ ဖိတ်ကြားထားသူများ၊ ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် တီခုံအမှတ်(၁)တွင် နေရာယူကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြန်မာပီဂျီအေနှင့် မြန်မာစီနီယာပီဂျီအေ အသင်းများကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးချမ်းဟန်တို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပရာ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)တွင် ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲသို့ Professional ဂေါက်သီးရိုက်အားကစားသမား ၂၈ ဦး၊ Senior PGA ဂေါက်သီးရိုက်ကစားသမား ၂၇ ဦးနှင့် Amateur ဂေါက်သီးရိုက် အားကစားသမား ၂၃ ဦး စုစုပေါင်း ၇၈ ဦး ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၇ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# အိုးထရက်ဖို့ဒ်၌ ကာဒစ်ဖ်အား မန်ယူနှစ်ဂိုးပြတ်နိုင်

## မာတာ၊ ဗန်ပါစီနှင့် ရွန်းနီတို့တွဲဖက်ကာ ရလဒ်ကောင်းများဆောင်ကြဉ်းနိုင်ကြောင်း မိုယက် ဖွင့်ဟ

**ငွေကြယ်**

ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက မန်ယူအသင်း၏ အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူအသင်းနှင့်ကာဒစ်ဖ်အသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်(၂၃)တွင် ကာဒစ်ဖ်အသင်းအား မန်ယူအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်က ယခုဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူလိုက်သည့် ကွင်းလယ် ကစားသမား မာတာ၊ တိုက်စစ်မှူးရော်ဘင်ဗန်ပါစီနှင့် တိုက်စစ်မှူး ရွန်းနီတို့အတွဲဖြင့် လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်းများ ဆောင်ကြဉ်းနိုင်လိမ့်မည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

မန်ယူအသင်းနှင့်ကာဒစ်ဖ်အသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်(၂၃)တွင် မန်ယူအသင်းသည် ဒဏ်ရာပြဿနာမှ ပြန်လည်သက်သာလာသော တိုက်စစ်မှူးဗန်ပါစီ၊ ကွင်းလယ်ပိုင်းတွင် မာတာ၊ ဖီးဂျုံးစ်၊ အက်ရှ်လေယန်း၊ ဗလင်စီယာ၊ ဂစ်ဂ်စသည့် ကစားသမားများကို အသုံးပြုကာ နောက်တန်းတွင် ကီဗရာ၊ စမောလင်း၊ အီဗန်၊ ရာဖေးလ်တို့ကိုထည့်သွင်းခဲ့ ပြီး မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်အနေဖြင့် အိမ်ကွင်းအိုးထရက်ဖို့ဒ်တွင် ၄-၂-၃-၁ ကစားကွက်ကို အားပြုပွဲထွက်လာခဲ့သည်။

ယင်းပွဲစဉ်တွင်ပွဲကစားချိန် ခြောက်မိနစ်တွင် တိုက်စစ်မှူးရော်ဘင်ဗန်ပါစီက တစ်ကိုယ်တော်အစွမ်းဖြင့် မန်ယူအသင်းအတွက် အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့ပြီး ဒုတိယပိုင်း ၅၉ မိနစ်တွင် ကွင်းလယ်ကစားသမား မာတာ၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် အက်ရှ်လေယန်းက ဒုတိယမြောက် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။

ထို့ကြောင့် မန်ယူအသင်းသည် ဗန်ပါစီနှင့် အက်ရှ်လေယန်းတို့၏ သွင်းဂိုးများနှင့်အတူ ကာဒစ်ဖ်အသင်းကို နှစ်ဂိုးပြတ်ဦးဆောင်နိုင်သည့်အချိန်တွင် ဗန်ပါစီနေရာတွင် ရွန်းနီကိုလည်းကောင်း၊ ရိုင်ယန်ဂစ်နေရာတွင် တွမ်ကလီဗာလေကိုလည်းကောင်း၊ ကွင်းလယ်ကစားသမား မာတာနေရာတွင် ဂျာနျူဇာကိုလည်းကောင်း လူစားလဲမှုများပြုလုပ်ကာ နောက်ထပ်ဂိုးရရှိရေးနှင့် ရလဒ်ကိုဆက်ထိန်းထားနိုင်ရေး ကြိုးပမ်းပြီး ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးရယူနိုင်ခြင်းမရှိခဲ့ဘဲ မန်ယူအသင်းက ကာဒစ်ဖ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဆောက်သမ်တန်အသင်းနှင့် အာဆင်နယ်အသင်းတို့၏ပွဲစဉ်တွင် နည်းပြအာစင်ဝင်းဂါးအနေဖြင့် တိုက်စစ်မှူး ဂီရောက်၊ ဖလာမီနီ၊ ကာဇိုလာ၊ အိုဇေးလ်၊ အာတီတာစသည့် ကစားသမားများကို ပွဲထွက်ကစားစေခဲ့ပြီး ပွဲကစားချိန် မိနစ် ၈၀ တွင် ဖလာမီနီတိုက်ရိုက်အနီကတ်ပြခံခဲ့ရခြင်းကြောင့် ပြိုင်ပွဲ၏ ရလဒ်သည် တစ်ဖက် နှစ်ဂိုးစီသရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယင်းပွဲစဉ်တွင် အာဆင်နယ်အတွက် သွင်းဂိုးများကို ဂီရောက်နှင့် ကာဇိုလာတို့က သွင်းယူပေးခဲ့ပြီး ဆောက်သမ်တန်အတွက် သွင်းဂိုးများကို ဖွန်တီနှင့် လယ်လာနာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းနှင့် အဲဗာတန်အသင်းတို့၏ ပွဲစဉ်တွင် လီဗာပူးအသင်းက အဲဗာတန်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး လီဗာပူးအသင်းအတွက် သွင်းဂိုးများကို စတီဗင်ဂျာရက်က တစ်ဂိုး၊ စတားရစ်ကနှစ်ဂိုးနှင့် လူးဝစ်ဆွာရတ်ဇ်က တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်များဖြစ်သည့် နော့ဝုစ်ချ်နှင့် နယူးကာဆယ်တို့ပွဲစဉ်တွင် ဂိုးမရှိသရေ၊ ဆွမ်ဆီးနှင့် ဖူလ်ဟမ်ပွဲစဉ်တွင် ဆွမ်ဆီးက နှစ်ဂိုးပြတ်ဖြင့်လည်းကောင်းအနိုင်ရရှိပြီး ခရစ္စတယ်ပဲလေ့နှင့် ဟားစီးတီးတို့ပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

# စပိန်လာလီဂါရင်ခုန်သံ - ၂၂

***စပိန်လာလီဂါပွဲစဉ် ၂၂ ကိုလာမယ့် ဖေဖော်ဝါရီ ၁၊ ၂၊ ၃၊ ၄ ရက်တွေမှာ ကျင်းပသွားဖို့ရှိပြီး ဘာစီလိုနာနဲ့ ဗလန်စီယာဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။***

**ဂရန်နာဒါ - ဆယ်တာဗီဂို　　နံနက် ၂း၃၀(၁-၂-၁၄)**

ဂရန်နာဒါခြေမငြိမ်ပါဘူး။ ဆယ်တာဗီဂိုက ခုနောက်ပိုင်း ရှန်းအားကောင်းမွန်နေပါတယ်။ ဒါပေမယ့် ကွင်းက ဂရန်နာဒါကွင်းဖြစ်လို့ ဂရန်နာဒါကလည်း အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာပါ။ သရေကျသွားဖို့များတဲ့ ပွဲဖြစ်တယ်။

**ဘာစီလိုနာ - ဗလန်စီယာ　　ည ၉း၃၀(၁-၂-၁၄)**

ဗလန်စီယာအနေနဲ့ အမှတ်လိုအပ်နေတာကြောင့် ခံကစားသွားမှာဖြစ်ပေမယ့် လက်ရှိခြေနဲ့ အဝေးကွင်းစွမ်းဆောင်ရည်အားနည်းပါတယ်။ ဘာစီလိုနာကလည်း အိမ်ကွင်းအားနဲ့ ဖိအားပေးမှာဖြစ်လို့ ဘာစီလိုနာကိုပဲ နှစ်သက်တယ်။

**လီဗန်တေး - ဗယ်လီကာနို　　ည ၁၁း၃၀(၁-၂-၁၄)**

ဗယ်လီကာနိုဟာ တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေသာမန်သာရှိပါတယ်။ လီဗန်တေးက လက်ရှိခြေမဆိုးသလို အိမ်ကွင်းအားလည်းရှိတယ်။ အမှတ်ပြည့်ရဖို့ အိမ်ကွင်းမှာအားစိုက်လာမယ့် လီဗန်တေးနဲ့ပဲ ရပ်တည်ရမယ်။

**ဂီတာဖေး - ဗယ်လာဒိုးလစ်　　နံနက် ၁း၃၀(၂-၂-၁၄)**

ဂီတာဖေးရဲ့ လက်ရှိခြေအားနည်းပေမယ့်လည်း အိမ်ကွင်းအားနဲ့ ထိန်းချုပ်ကစားသွားမှာပါ။ ဗယ်လာဒိုးလစ်က တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အဝေးကွင်းခြေအားနည်းပါတယ်။ ဂီတာဖေးနဲ့ပဲ ရပ်တည်ရဖို့ရှိတယ်။

**မာလာဂါ - ဆီဗီးလား　　နံနက် ၃း၃၀(၂-၂-၁၄)**

မာလာဂါက အိမ်ကွင်းကစားပုံကောင်းမွန်ပြီး တန်းမဆင်းရဖို့ အားစိုက်လာမှာပါ။ ဆီဗီးလားက လက်ရှိခြေမငြိမ်သလို အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်း ကျဆင်းတတ်ပါတယ်။ မာလာဂါအနိမ့်ဆုံး သရေကစားသွားနိုင်မှာပါ။

**အဲလ်ချီ - အယ်မာရီယာ　　ညနေ ၅း၃၀(၂-၂-၁၄)**

အယ်မာရီယာက ခြေမဆိုးပါဘူး။ ဒါပေမယ့် အဲလ်ချီကလည်း ခံကစားအား ကောင်းမွန်နေပြီး အိမ်ကွင်းအားရှိတယ်။ ဒါကြောင့် ဒီပွဲမှာလည်း အဲလ်ချီရဲ့ ရှန်းကန်အားကိုပဲ ရွေးချယ်သွားရမှာပါ။ သွင်းဂိုးနည်းမယ့် ပွဲဖြစ်တယ်။

**ဘက်တစ် - အက်စ်ပန်ညို　　ည ၁၀း၃၀(၂-၂-၁၄)**

ဘက်တစ်က အမှတ်ပေးဇယားအောက်ဆုံးက အသင်းပါ။ အက်စ်ပန်ညိုက လက်ရှိအချိန်မှာ ခြေမငြိမ်သလို အဝေးကွင်းခြေစွမ်းပိုင်းအားနည်းပါတယ်။ သရေမျှော်လင့်ခွင့်ရှိနေတဲ့ ဘက်တစ်ကိုပဲ ရွေးချယ်ရမှာပါ။

**အက်သလက်တီကို - ဆိုစီဒက်　　နံနက် ဝဝး၃၀(၃-၂-၁၄)**

ဆိုစီဒက်ခြေကောင်းမွန်နေပေမယ့် အက်သလက်တီကိုရဲ့ အိမ်ကွင်းအားကို ထိန်းချုပ်ဖို့ခက်ပါတယ်။ အက်သလက်တီကိုရဲ့ တိုက်စစ်အားကို ထိန်းနိုင်လောက်တဲ့ ခံစစ်အားလည်း ဆိုစီဒက်မှာမရှိလို့ အက်သလက်တီကိုနဲ့ပဲ ရပ်တည်သွားရဖို့ရှိတယ်။

**ဘီလ်ဘို - ရီးယဲလ်　　နံနက် ၂း၃၀(၃-၂-၁၄)**

ဘီလ်ဘိုခြေကောင်းနေတာမှန်ပေမယ့် ရီးယဲလ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ဆိုတာ ခက်ပါတယ်။ ဘီလ်ဘိုရဲ့ အိမ်ကွင်းဖြစ်ပေမယ့် ရီးယဲယ်ရဲ့ တိုက်စစ်ကစားပုံကလည်း အားကောင်းနေတာကြောင့် ရီးယဲလ်ပဲကပ်ပြီးအနိုင်ရသွားမှာပါ။

**ဗီလာရီးယဲလ် - အိုဆာစူနာ　　နံနက် ၃း၃၀ (၄-၂-၁၄)**

လက်ရှိခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ ဗီလာရီးယဲလ်ကို အိုဆာစူနာတို့ ပွဲချိန်ပြည့် ထိန်းဖို့ခက်ပါလိမ့်မယ်။ အထူးသဖြင့် ဗီလာရီးယဲလ်က အိမ်ကွင်းမှာဆိုရင် ကစားပုံကောင်းမွန်တတ်တာကြောင့် အိုဆာစူနာတို့ သရေရဖို့တောင် မလွယ်ပါဘူး။

**ရှိုင်းမင်းမင်း**


**မင်္ဂလာဒုံကုန်စည်ဝန်ဆောင်မှုလုပ်ငန်းလီမိတက်**

**Mingalardon Cargo Services Co.,Ltd**

**အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းတည်ထောင်ပြီးကြောင်းကြေညာခြင်း**

မင်္ဂလာဒုံကုန်စည်ဝန်ဆောင်မှုလုပ်ငန်းလီမိတက် ( Mingalardon Cargo Services Co., Ltd.) [illegible] (Private Company) [illegible] (Mingalardon Cargo Services Co., Ltd.) [illegible] (Public Company) [illegible]

[illegible]

[illegible] (Certificate for Commencement of Business) [illegible]

[illegible]

Ph - Hot Line : 01-533 183, Fax : 01-533 149

# မောင်တောမြို့ ဒုချီးရားတန်းအနောက်ရွာ၌ မီးလောင်မှုဖြစ်ပွား သတင်းမှား ထုတ်လွှင့်ခြင်းများမဖြစ်စေရေးအတွက် ခရိုင်၊ မြို့နယ်ရှိ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းထုတ်ပြန်ထား

**စစ်တွေ ဇန်နဝါရီ ၂၉**

မောင်တောမြို့နယ် ဒုချီးရားတန်းအနောက်ကျေးရွာ၌ ဇန်နဝါရီ ၂၈ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။**(ယာပုံ)**

မီးလောင်မှုဖြစ်ပွားရာနေရာသို့ ရဲတပ်ရင်းများကွပ်ကဲရေးအဖွဲ့မှ ရဲတပ်ဖွဲ့မှူး၊ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ လာရောက်ငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုမှာ ဒုချီးရားတန်းအနောက်ရွာနေ အဘူဖွေယာ့ (၅၀)နှစ် (ဘ) ကာဆိမ်း၏နေအိမ်မှ စတင်မီးလောင်ကျွမ်း၍ မီးငြိမ်းသတ်နေစဉ် တောင်ဘက် ကိုက် ၁၅၀ အကွာ အဏ္ဏဝါဆလာမ် (၅၀)နှစ် (ဘ) ဆီရာဇူ၏အိမ် ထပ်မံမီးလောင်သည့်အတွက် မီးငြိမ်းသတ်ရန်သွားစဉ် ဘင်္ဂလီလူမျိုး ငါးဦးခန့် ထွက်ပြေးသွားသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်တွင် အိမ်များ ထူထပ်ခြင်း၊ သက်ငယ်၊ ဝါးများဖြင့် ဆောက်လုပ်ထားခြင်းကြောင့် နေအိမ်အကြီး လေးလုံး၊ အိမ်သေး ၁၂ လုံး စုစုပေါင်း ၁၆ လုံး မီးလောင်ဆုံးရှုံးသွားခဲ့ပြီး လူသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ မီးရှို့မှုဖြစ်စဉ်အား တပ်ဦးချောင်းကျေးရွာအုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်ကာ မီးရှို့သွားခဲ့သူများအား အမှုဖွင့်တိုင်ကြားခဲ့သဖြင့် မောင်တောရဲစခန်းမှ (ပ)၁၉/၂၀၁၄၊ ပုဒ်မ-၄၃၆ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

မီးလောင်မှုဖြစ်ပွားသည့် ကျေးရွာအနီးတွင် ရခိုင်တိုင်းရင်းသားကျေးရွာများ မရှိဘဲ ဘင်္ဂလီရွာများသာရှိကြောင်း၊ ၎င်းတို့ကိုယ်တိုင် ၎င်းတို့အိမ်များကို မီးရှို့ပြီး ထွက်ပြေး၍ ဖြစ်စဉ်အား ပုံကြီးချဲ့ကာ သတင်းမှားထုတ်လွှင့်ခြင်းများ မဖြစ်စေရေးအတွက် သတင်းအချက်အလက်များအား သက်ဆိုင်ရာခရိုင်/မြို့နယ်ရှိ တာဝန်ရှိသူများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ပြည်နယ်အစိုးရက သတင်းထုတ်ပြန်ထားသည်။ **(ပြည်နယ်ပြန်/ဆက်)**

**✲ ထိုင်းရွေးကောက်ပွဲမှ**

ဝန်ကြီးချုပ်ရင်လတ်သည် သက်ဆင်၏ ရုပ်သေးရုပ်သာဖြစ်ကြောင်း စွပ်စွဲပြောဆိုနေကြသည့် ဆန္ဒပြသူများအနေဖြင့် အစိုးရအဆောက်အအုံများကို ပိတ်ဆို့ထားလျက်ရှိရာ အစိုးရယန္တရားပြန်၍လည်ပတ်နိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များအပြင် တပ်မတော်သားများကိုပါ အသုံးပြုကာ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဟု ထိုင်းအထူးစုံစမ်းစစ်ဆေးရေးဌာန အကြီးအကဲဖြစ်သူက တနင်္လာနေ့က ပြောကြားသည်။

ရွေးကောက်ပွဲကော်မရှင်ကမူ ရွေးကောက်ပွဲ အထမြောက်ပြီး ရင်လတ်အစိုးရ အနိုင်ရသွားသည့်တိုင် ပါလီမန်အသစ်တစ်ရပ်ဖွဲ့စည်းရန် အမတ်ဦးရေပြည့်မီမည် မဟုတ်ကြောင်း၊ ယင်းအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ထပ်မံကျင်းပရဦးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို သုံးလ(သို့) လေးလ ရွှေ့ဆိုင်းသင့်ကြောင်း သတင်းထောက်များအား ပြောကြားသည်။

**❑ ပရိဘောဂမှ**

မီးလောင်ရာနေရာအထိ မီးသတ်ယာဉ်များရောက်ရှိကာ အချိန်တစ်နာရီကျော်ကြာမြင့်သည်အထိ မီးမငြိမ်းသေးဘဲ လောင်စာကောင်းကောင်းဖြင့် လောင်နေသည်ကို ခက်ခက်ခဲခဲ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရခြင်းဖြစ်ကြောင်း ကွင်းဆင်းသတင်းယူရာမှ သိရသည်။

ထို သီရိမင်္ဂလာဈေးဟောင်း၏ မြေညီထပ်တွင် ရောင်းဝယ်ရန် ညအိပ်ထားရှိသည့် မော်တော်ယာဉ်များရှိပြီး ပထမထပ်တွင် ယာဉ်ပစ္စည်းအရောင်းဆိုင်များရှိသလို ယင်းအဆောက်အအုံ၏အရှေ့ဘက် ကားလမ်းတစ်ဖက်တွင် စက်သုံးဆီဆိုင်ရှိခြင်းကြောင့် စိုးရိမ်ပူပန်မှုများရှိကာ ယာဉ်ပိုင်ရှင်အသီးသီးက မြေညီထပ်တွင်ထားရှိသော ယာဉ်များကို လာရောက်ထုတ်ယူကြကြောင်း၊ ယာဉ်ထုတ်ယူသူများကြောင့် မီးငြိမ်းသတ်မည့်ယာဉ်နှင့် လူများအန္တရာယ်မကြုံစေရန် ထုတ်ယူခွင့်တားမြစ်လိုက်ပြီး မီးသတ်ယာဉ်များသွားလာရာ လမ်းနှင့်မလွတ်သောယာဉ်များကိုသာ ဖယ်ရှားစေခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ထိုသို့အချိန်တစ်နာရီခွဲ ကျော်ကျော်လောက်အရှိန်ပြင်းစွာ လောင်ကျွမ်းနေသော မီးကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁ နာရီခွဲတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးထိန်းနိုင်ခဲ့ပြီး နံနက် ၁ နာရီ ၃၇ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း အတည်ပြုပေးနိုင်ခဲ့သည်။ မီးလောင်ရသောအကြောင်းရင်းမှာ Sima ပရိဘောဂအလုပ်ရုံတွင် လုပ်ငန်းမှထွက်သော လွှစာမှုန့်နှင့် အခြားအမှုန့်များက အိပ်ဇောပန်ကာအတွင်း ဝင်ရောက်ပြီး မော်တာဂျန့်ဖြစ်၍ အပူလွန်ကဲရာမှ လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် အဆောက်အအုံတန်ဖိုး၊ သစ်ထိုင်ခုံများတန်ဖိုး၊ စတီးထိုင်ခုံ၊ ဗီရိုများ၊ အိပ်ဇောပန်ကာများ၊ လျှပ်စစ်ပစ္စည်းများ၊ အလုပ်ရုံသုံးပစ္စည်းများ၊ ငါးဂါလန်ဆံ့ ရေဆေးပါဝင်သော ပလတ်စတစ်ပုံးများ လောင်ကျွမ်းဆုံးရှုံးခဲ့ပြီး စုစုပေါင်းကျပ် ၁၂၀ သိန်းဖိုးခန့် မီးလောင်ဆုံးရှုံးသွားကြောင်း၊ မီးလောင်မှုကို ရေဂါလန်ပေါင်း ၂၆၃၆၇၀ နှင့် မီးကြွင်းမီးကျန်ရှင်းလင်းရန် ရေဂါလန် ၁၅၀၀၀ အပါအဝင် စုစုပေါင်း ရေဂါလန် ၂၇၈၆၇၀ သုံးစွဲ၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၈၇ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၇၆ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ ဖြင့် ငြိမ်းသတ်ပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုကြောင့် Sima ပရိဘောဂအလုပ်ရုံ မန်နေဂျာအား ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့စခန်းက ပ-၆၈/၂၀၁၄၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ဆက်လက်သိရှိရသည်။

လွန်ခဲ့သော ၂၀၁၃ ခုနှစ် တစ်နှစ်တာအတွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မီးလောင်မှုပေါင်း (၂၃၅) ကြိမ်ဖြစ်ပွားကာ ပေါ့ဆမီး (၁၁၅) ကြိမ်၊ လျှပ်စစ်ကြောင့် လောင်သောမီး အကြိမ် (၈၀) တို့ပါဝင်ပြီး အိမ်ခြေအဆောက်အအုံ ၁၂၇ လုံး၊ စက်ရုံအလုပ်ရုံလေးလုံး၊ ဂိုဒေါင်သုံးလုံးဆုံးရှုံးခဲ့ကာ ၂၆ ဦး သေဆုံး၍ ၅၄ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။ ယခုဇန်နဝါရီလအတွင်းမှာပင် ဇန်နဝါရီ ၁ ရက်မှ ၂၀ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် မီးလောင်ကျွမ်းမှုပေါင်း (၂၈)ကြိမ်ဖြစ်ပွားကာ ပေါ့ဆမီး (၁၆) ကြိမ်ပါဝင်ပြီး လေးဦးဒဏ်ရာရကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

## မွေးနေ့ဆုတောင်း

ချစ်သောသားသားကြီး မောင်သန့်နေရောင် Grade 5-D(TTC)၊ Primary-4(ILBC)၏ ၃၀-၁-၂၀၁၄ ရက်တွင် ကျရောက်သော (၁၀) နှစ်မြောက် မွေးနေ့မှစ၍ နောက်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံသော သားကောင်းရတနာလေးအဖြစ် အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေ။

နှစ်ဖက်သော - ဘိုးဘိုး-ဘွားဘွား
ဖေဖေ - ဦးနေလင်း
မေမေ - ဒေါ်သက်သက်အောင်
ညီလေး - မောင်ဘုန်းနေရောင်

**Grade 2-A(TTC),Primary 1-B(ILBC)**



# မန္တလေးတိုင်းဒေသကြီး ခရိုင်ငါးခုတွင် ယခုဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးရေးစက်ရေတွင်းပေါင်း ၂၄၆၇ တွင်း တူးဖော်မည်

**မန္တလေး၊ ဇန်နဝါရီ ၂၉**

မန္တလေးတိုင်း ဒေသကြီးအတွင်း လေးလက်မ စိုက်ပျိုးရေး စက်ရေတွင်းများ တူးဖော်သွားရန် ပြင်ပလုပ်ငန်းရှင်များအား အိပ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်တို့တွင် စိုက်ပျိုးရေး စက်ရေတွင်း ၂၄၆၇ တွင်းကို တူးဖော်ရန် ကုမ္ပဏီလုပ်ငန်းလေးခုတို့က တင်ဒါများ အောင်မြင်သွားကြောင်း ဇန်နဝါရီ ၂၂ ရက်က ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနရုံးက ကြေညာခဲ့သည်။

"ကျွန်တော်တို့ဌာနက မြို့နယ်တာဝန်ခံတွေက ပြင်ပလုပ်ငန်းရှင်တွေ တူးဖော်နေတာကို အနီးကပ်ကြီးကြပ်စစ်ဆေးသွားရမှာပါ။ တင်ဒါစည်းကမ်းသတ်မှတ်ချက်တွေအတိုင်း သတ်မှတ်တဲ့ ပိုက်အမျိုးအစားကို အသုံးပြုရဲ့လား။ သတ်မှတ်တဲ့ အနက်ပေကို တူး-မတူး၊ သတ်မှတ်တဲ့ ရေအရည်အသွေးနဲ့ ရေထွက်နှုန်း ရှိ-မရှိ၊ ရေတွင်းတွေ ရေရှည်ခိုင်ခန့်မှု ရှိဖို့အတွက် ရေထဲမှာ သဲလိုက်မှု ရှိ-မရှိ၊ အောက်ပိတ်ထည့်မထည့် စတာတွေကို အနီးကပ် ကြီးကြပ်စောင့်ကြည့်စစ်ဆေးသွားမှာပါ"ဟု ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ၊ ဦးစီးအရာရှိတစ်ဦးက ပြောပြသည်။

**စက်ရေတွင်းမှရေကို ထုတ်ယူသုံးစွဲနေစဉ်။** သတင်းနှင့်ဓာတ်ပုံ၊ ထန်ပီးလျှန်

မန္တလေးတိုင်း ဒေသကြီးအတွင်း ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးခေါင်မှုများဖြစ်ပွားပြီး စိုက်ပျိုးသီးနှံများ ပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ၄ လက်မ စိုက်ပျိုးရေစက်ရေတွင်း ၃၉၂၄ တွင်း တူးဖော်သွားရန် နိုင်ငံတော်မှ သီးသန့်ရန်ပုံငွေကျပ် ၁၆၉၀.၁၁၃ သန်းကို ခွင့်ပြုပေးခဲ့ကြောင်း၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်များရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်မှ ကျေးရွာပေါင်း ၃၈၂ ရွာတွင် စက်ရေတွင်းပေါင်း ၃၉၂၄ တွင်း တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ (မတ္တရာ၊ သပိတ်ကျင်း) တွင် စက်ရေတွင်းပေါင်း ၁၇၆ တွင်း၊ ကျောက်ဆည်ခရိုင် (ကျောက်ဆည်၊ မြစ်သား၊ တံတားဦး) တွင် စက်ရေတွင်းပေါင်း ၁၇၀၀ တွင်း၊ မိတ္ထီလာမြို့ (မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း) တွင် စက်ရေတွင်းပေါင်း ၄၀၊ မြင်းခြံမြို့ (နွားထိုးကြီး၊ တောင်သာ) တွင် စက်ရေတွင်းပေါင်း ၂၇၅ တွင်း၊ ရမည်းသင်းခရိုင် (ရမည်းသင်း၊ ပျော်ဘွယ်) တွင် စက်ရေတွင်း ၂၇၆ တွင်း စုစုပေါင်း ၂၄၆၇ တွင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် တူးဖော်သွားမည် ဖြစ်သည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီး အစိုးရရန်ပုံငွေမှ ငွေကျပ် ၆၇၀ ဒသမ ၆၃ သန်းကို မြို့နယ် ၁၄ မြို့နယ်တွင် ကြိုတင်ချေးငွေအဖြစ် ထုတ်ချေးပေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာပေါင်း ၃၀၈ ရွာတွင် စက်ရေတွင်းပေါင်း ၁၄၅၇ တွင်းကို တူးဖော်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် မြို့နယ် ၁၂ မြို့နယ်မှ စက်ရေတွင်းပေါင်း ၂၄၆၇ တွင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတူးဖော်သွားရန် ပြင်ပပုဂ္ဂလိက ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**ထန်ပီးလျှန်**

## သတင်းတိုများ

### ရေစကြိုတွင် မီးဘေးကြိုတင်ကာကွယ်ရေး လှည့်လည် သတိပေးနှိုးဆော်

ပွင့်လင်းရာသီမှ ပူပြင်းခြောက်သွေ့ သောရာသီသို့ ကူးပြောင်းလာသည်နှင့်အမျှ မီးဘေးအန္တရာယ်မှာ ပိုမိုစိုးရိမ် ဖွယ်ရာကာလ ဖြစ်ပါသည်။ မိမိတို့ဘဝနှင့်ရင်း၍ ပင်ပင်ပန်းပန်း ရှာဖွေစုဆောင်းထားရှိသည့် အိုးအိမ်၊ တိုက်တာ၊ စည်းစိမ်အဖြာဖြာတို့ တစ်မုဟုတ်ချင်း မီးလောင်ဆုံးရှုံးခြင်းဘေးမှ ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်နှင့်အညီ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ် မီးဘေးကြိုတင်ကာ ကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီမှ မီးအမျိုးမျိုးသုံးစွဲသူ ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ကြေညာချက် ၁/၂၀၁၄ ကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ် ၈ ရပ်ကွက်အတွင်း တစ်ပတ်တစ်ကြိမ် တစ်လမ်းဝင်တစ်လမ်းထွက် လှည့်လည်၍ နှိုးဆော်သတိပေးလျက်ရှိသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

### နှစ်လုံးထီလောင်းကစားသူ ရွှေဘို၌ ဖမ်းဆီးအရေးယူ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် နေယုမော်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် တွင် ရွှေဘိုမြို့ အမှတ် ၂ ရပ်ကွက် ဒိုသီတန်းရပ်ရှိ နေအိမ်တစ်အိမ်အား ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းနှင့် လောင်းကစားကြေးငွေများအား သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်မှာ အသက် ၃၂ နှစ်ရှိ အမျိုးသမီးတစ်ဦး၏ နေအိမ်ကို ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေများက ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီများရောင်းချနေစဉ် ထွက်ပြေးသော ၎င်းအမျိုးသမီး ကိုင်ဆောင်ထားသည့် နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့် လောင်းကြေးငွေကျပ် ၃၀၀၅၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေဘိုမြို့ အမှတ် ၁ မြို့မရဲစခန်းမှ ၎င်းအမျိုးသမီးကို (ပ)အမှတ် ၅၂/၂၀၁၄ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/ ၁၆(က) အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဘုန်းကျော် (ရွှေဘို)**

### တပ်ကုန်းမြို့နယ်တွင် ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာ ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

နေပြည်တော်ကောင်စီနယ်မြေ ၊ ဥတ္တရသီရိ၊ တပ်ကုန်းမြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျွဲ၊ နွားများကို ခွာနာ၊ လျှာနာ ကာကွယ်ဆေးထိုးပေးရန်အတွက် အဖွဲ့သုံးဖွဲ့ ဖွဲ့စည်း၍ ဇန်နဝါရီ ၁၈ ရက်မှ ၂၆ ရက်ထိ တဲမြင့်အုပ်စုသို့ ဒုဦးစီးမှူး ဒေါက်တာတင်ထွန်း ခေါင်းဆောင်သောအဖွဲ့ သွားရောက်၍ ကျွဲ၊ နွားကောင်ရေ စုစုပေါင်း ၁၀၀၀ ကို ကာကွယ် ဆေးထိုးပေးနိုင်ခဲ့သည်။

**မြို့နယ် ပြန်/ဆက်**



# လွန်ခဲ့သောနှစ် ၂၀၀ ကျော်က သမိုင်းဝင်နန်းဦးဘုရား ရေစကြိုမြို့တွင် ယနေ့တိုင် ကိုးကွယ်ထားရှိ

**ရေစကြို၊ ဇန်နဝါရီ ၂၉**

သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် နန်းတက်ရသော မင်းတုန်းမင်းကြီးမှာ ကုန်းဘောင်မင်းဆက်တွင် တော်ဖြောင့်၍ သီလ၊ ပညာ၊ အမြော်အမြင်နှင့်ပြည့်စုံသော မင်းကောင်းမင်းမြတ် တစ်ပါးဖြစ်သည်။ ၁၂၁၈ ခုနှစ်တွင် မန္တလေး ရတနာပုံနေပြည်တော်ကို စတင်တည်ထောင်ပြီး ၁၂၁၃ ခုနှစ်တွင် ပြောင်းရွှေ့စံနေတော်မူသည်။ မင်းတုန်းမင်းကြီးသည် သာသနာရေး၊ ဘာသာရေး၊ ပညာရေးတို့ကို အထူးအားပေးချီးမြှောက်တော်မူသည်။ မြင်ကွန်းမြင်ခုံတိုင်မင်းသားများ၏ လုပ်ကြံမှုဖြစ်ပြီးနောက် ၁၂၄၉ ခုနှစ်တွင် မင်းတုန်းမင်းကြီး နတ်ရွာစံတော်မူခဲ့ကြောင်း လေ့လာသိရှိရသည်။

ဘာသာရေး၊ သာသနာရေးကို အလွန်ကြည်ညိုသော မင်းတုန်းမင်းကြီးသည် ပေါက္ကံ (ပုဂံ) ပြည်ကြီးကို (ပထမ) နရပတိစည်သူမင်းကြီးအား သိကြားမင်းနှင့် ဝိသကြုံနတ်တို့က တန်ခိုးအား ထုတ်ဆက်သခဲ့သော သဗ္ဗညုဂေါတမမြတ်စွာဘုရား၏ ရုပ်ပွားတော် ရှင်ဖြူရှင်လှ နှစ်ဆူ၊ သရက္ခံငါးဆူ၊ မြတ်ပေါင်းမဥ္ဇူတစ်ဆူ ပေါင်းရှစ်ဆူသော ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရတနာပုံနေပြည်တော်သို့ ပင့်ဆောင် ကြည်ညိုတော်မူခဲ့ပြီးနောက် ဗုဒ္ဓရုပ်ပွားတော်များကို မူလစံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်တော်မူရတော့မည်ဖြစ်၍ ဖူး၍မဝ၊ ကြည်ညိုလို့မဝ ဖြစ်ခဲ့ရ၍ သရက္ခံရုပ်ပွားတော်မြတ်နှင့် အရွယ်တူ၊ ပုံတူဆင် ၁၂ စီးခံ ရုပ်ပွားတော်တစ်ဆူကို ထုလုပ်၍ ရင်ငွေ့တော်ခိုလှုံပြီး နန်းဦးတွင်ထား၍ ကိုးကွယ်တော်မူခဲ့သည်။

မင်းတုန်းမင်းကြီး နတ်ရွာစံပြီးနောက် သီပေါမင်းလက်ထက်တွင် ဆက်၍ ကိုးကွယ်ခဲ့ပြီး သီပေါမင်းပါတော်မူသောအခါ သာသနာပိုင်ဆရာတော်ကြီးမှ အဆိုပါ ရှေးဟောင်းနန်းဦး ဗုဒ္ဓရုပ်ပွားတော်ကို ဆရာတော်ကြီးအား ဝတ်ကြီးဝတ်ငယ် ပြုစုတော်မူသည့် တပည့် ဆင်ကြို ရွာဆရာတော်အား ပင့်ဆောင်ခွင့်ပြုခဲ့သဖြင့် မင်းတုန်းမင်းကြီး ကိုးကွယ်ခဲ့သော နန်းဦး ဗုဒ္ဓရုပ်ပွားတော်မှာ ယနေ့တိုင် ရေစကြိုမြို့နယ်၊ ဆင်ကြိုရွာ၊ ရွှေပြည်သာဘုန်းတော်ကြီးကျောင်းတွင် သိကြားမင်းဆက်သသော လိုတရ သရက္ခံ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့်အတူ ဖူးမြော်နိုင်ပါကြောင်း ရွှေပြည်သာဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးဝိစာရသီရိမှပြောပြ၍ သိရှိခဲ့ရသဖြင့် ကုသိုလ်ပြု ရေးသားလိုက်ခြင်း ဖြစ်သည်။

**ဖေထွဏ်းဇော် (ရေစကြို)**

**လွန်ခဲ့သော နှစ် ၂၀၀ ကျော် ကတည်းက ကိုးကွယ်ခဲ့သော ရေစကြိုမြို့နယ် ဆင်ကြိုရွာရှိ သမိုင်းဝင် နန်းဦးဘုရား။** ဓာတ်ပုံ- ဖေထွဏ်းဇော် (ရေစကြို)

## သတင်းတိုများ

### ၃၃ ကြိမ်မြောက်စုဠဘွဲ့နှင်းသဘင်ပွဲတော် တပ်ကုန်းမြို့၌ကျင်းပမည်

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိ၊ တပ်ကုန်းမြို့နယ်တွင် ၂၀၁၃ ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါးနှင့် ၂၀၁၃ ခုနှစ် ဧပြီလ၌ ကျင်းပခဲ့သော အစိုးရပါဠိပထမပြန် စာမေးပွဲအောင် ပထမကြီးတန်း နှစ်ပါး၊ ပထမလတ်တန်း ၂၂ ပါး၊ ပထမငယ်တန်း ၃၉ ပါးတို့အား ပူဇော်သည့် ၃၃ ကြိမ်မြောက် စုဠဘွဲ့နှင်းသဘင်ပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်တွင် တပ်ကုန်းမြို့၊ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး၌ ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

### ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ဝင်များအလုပ်ရုံဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ်၊ သထုံမြို့နယ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အဖွဲ့(TCRC)နှင့် ရပ်ရွာအခြေပြု ပံ့ပိုးကူညီမှုအဖွဲ့ (CSG) အဖွဲ့ဝင်များ အလုပ်ရုံဆွေးနွေးပွဲကို ယခုလအတွင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ မြို့နယ် TCRC အဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ တိုင်းပြည်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် TCRC အဖွဲ့ဝင်များအနေဖြင့် စွမ်းအားရှိသရွေ့ ကြိုးပမ်းကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး UNICEF မှ မွန်/ကရင် တာဝန်ခံ ဒေါ်မေဇံကျော်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် TCRC စီမံချက်ကျေးရွာ ၁၀ ရွာမှ CSG အဖွဲ့ဝင်များက ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဿနာများ၊ ဖြေရှင်းနိုင်ခဲ့မှု၊ အခက်အခဲ၊ အောင်မြင်မှုနှင့် အကြံပြုချက်များကို ဆွေးနွေးပြောကြားရာ တာဝန်ရှိသူတို့က မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နိုင်မှု အခြေအနေနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းတွင် ဂျပန်နိုင်ငံသားအလှူရှင်များ လှူဒါန်းမှုဖြင့်ကျေးရွာခုနစ်ရွာ မီးလင်း

**ညောင်တုန်း၊ ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာခုနှစ်ရွာတွင် မီးစက်မီးမောင်းစနစ်ဖြင့် ဇန်နဝါရီ ၂၆ ရက်မှ စတင်လျှပ်စစ်မီးရခဲ့ကြောင်းသိရသည်။

ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာ၊ ကညင်ကောက်ကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ဘောလုံးကျေးရွာ၊ ရေပုဇွန်ချောင်းကျေးရွာ၊ ညောင်ပိုင်းကျေးရွာနှင့် မျက်လှချောင်းကျေးရွာတို့တွင် HARMONIOUS UNITY INTERNATIONAL Co.,Ltd ကုမ္ပဏီမှ ဂျပန်နိုင်ငံသား အလှူရှင် ၁၃ ဦး၏ မတည်လှူဒါန်းမှုဖြင့် ယခုကဲ့သို့ မီးအလင်းရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

"ဒီရွာလေးတွေက မြို့ပြနဲ့ဝေးပြီး ဖွံ့ဖြိုးမှုနောက်ကျတဲ့ ကျေးရွာငယ်လေးတွေဖြစ်ပါတယ်။ အဲဒီလို ဖွံ့ဖြိုးမှု နောက်ကျတဲ့ ကျွန်တော်တို့ ကညင်ကောက်ကျေးရွာလေး အခုတော့ မီးလင်းနိုင်ခဲ့ပါပြီ။ အခုလိုဖြစ်လာအောင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့တဲ့ ဂျပန်နိုင်ငံက အလှူရှင်များနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ရွာသူရွာသားတွေက ကျေးဇူးတင်နေကြပါတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။

ညောင်တုန်းမြို့နယ်အတွင်းရှိ ကျုံတမာကျေးရွာတွင်အိမ်ခြေ ၂၀၀ ခန့်၊ ကညင်ကောက်ကျေးရွာတွင်အိမ်ခြေ ၁၅၀ ခန့်၊ ဘောလုံးကျေးရွာတွင်အိမ်ခြေ ၁၀၀ ခန့်၊ ဘုရားကုန်း ကျေးရွာတွင်အိမ်ခြေ ၁၀၀ ခန့် စသည်ဖြင့် ကျေးရွာခုနစ်ရွာ မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါကုမ္ပဏီသည် ယခုကဲ့သို့ ကျေးရွာများမီးလင်းရေးအတွက် လှူဒါန်းခဲ့သည်မှာ ယနေ့ထိ မီးစက်အလုံးရေ ၄၀ ခန့်ရှိပြီဖြစ်ကြောင်းနှင့် ၎င်းမီးစက်တစ်လုံး၏ ကာလတန်ဖိုးမှာ ငွေကျပ်သိန်း ၄၀ ခန့်ရှိကြောင်း သိရသည်။

**သပြေထွန်း**

# ဖလမ်းမြို့နှင့် လိုင်ဇိုးကျေးရွာကားလမ်းပိုင်း မြေထိန်းနံရံနှင့် ရေပြွန်တံတားပြုပြင်တည်ဆောက်

**ဖလမ်း၊ ဇန်နဝါရီ ၂၉**

ချင်းပြည်နယ် ဖလမ်းမြို့နှင့် လိုင်ဇိုးကျေးရွာအုပ်စုသွားရာ ကားလမ်းပိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ကျပ် ၈၀၉ သိန်း အကုန်ကျခံကာ ပြုပြင်တည်ဆောက်လျက်ရှိကြောင်း အဆိုပါလုပ်ငန်း၏ တာဝန်ခံ အင်ဂျင်နီယာက ပြောသည်။

"လက်ရှိမှာ ၃၅ ရာခိုင်နှုန်း လောက်ပြီးစီးပါပြီ။ ၂၀၁၄ ခုနှစ် မတ်လ မကုန်မီလုပ်ငန်းအပြီး ဆောက်ရွက်သွားမှာပါ။ ဒီကားလမ်းကို ကျေးရွာ ၂၀ နဲ့ ဖလမ်းမြို့ တလန်လိုရပ်ကွက်က ပြည်သူတွေ အဓိကအသုံးပြုနေပြီး ကုန်စီးစီးဆင်းတဲ့ လမ်းပိုင်းတစ်ခုပါ" ဟု ၎င်းကပြောသည်။

လတ်လလောတွင် ဟရန်ထီးယိုးဘော်လုံးကွင်းအနီး ကားလမ်းနေရာတွင် မိုးတွင်းကာလ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားပြီး ကားလမ်းဘေးပြိုကျမှုဖြစ်ပေါ်ကာ ကားများသွားလာနိုင်ခြင်းမရှိဘဲ ဆိုင်ကယ်လမ်း အဖြစ်သာ ယာယီပြုပြင်သွားလာ အသုံးပြုလျက်ရှိသည်။

ဒေသခံ ဦးကောလ်လွယ်က "ဒီလမ်းပိုင်းက လိုင်ဇိုးအနီးတဝိုက်မှာရှိတဲ့ ရွာ ၂၀ က ထွက်တဲ့ စိုက်ပျိုးရေး ထွက်ကုန်တွေကို ဖလမ်း၊ ဟားခါး၊ ထန်တလန်နှင့် ကလေးမြို့တွေကို တင်ပို့ရောင်းချတဲ့နေရာမှာ အသုံးပြုတဲ့လမ်းဖြစ်ပြီး အရင်က အဲဒီကားလမ်းအောက်မှာရှိတဲ့ ရေပြွန်မကောင်းတာနဲ့ မြေထိန်းနံရံ မရှိတာတွေကြောင့် လမ်းဘေးချောင်းကမ်း စပ်ပြိုကျပြီး ကားသေးတွေတောင် မသွားနိုင်လို့ ဒေသခံတွေ အရောင်းအဝယ်ကိစ္စတွေ၊ သာရေးနာရေးကိစ္စတွေတောင်မလုပ်နိုင်ဘူး" ဟု ၎င်းက ပြောသည်။

**တလန်လိုရပ်ကွက်ရှိ ကုန်စည်စီးဆင်းရာကားလမ်းမှာချောင်းရေတိုက်စားပြီး မြေပြိုကျမှုဖြစ်နေစဉ်။** သတင်းနှင့် ဓာတ်ပုံ - ဂျိုးနက်

အဆိုပါ မြေထိန်းနံရံသည် အရှည်ပေ ၂၀၀၊ အမြင့် ၂၄ ပေရှိ ကျောက်စီ မြေကာနံရံဖြစ်ပြီး ရေပြွန်တံတားမှာ ရေအရှိန်ထိန်း အုတ်ခုံ ၁၀ခု၊ အရှည် ၁၆ပေ၊ အကျယ် ၅ပေ၊ အမြင့် ၅ပေ ရှိကာလုပ်ငန်း ပြီးစီးပါက ကျေးရွာပြည်သူများ ကုန်စည်ရောင်းဝယ်ဖောက်ကားရာတွင် ကုန်စည်စီးဆင်းမှု မြန်ဆန်လာမည်ဖြစ်ကြောင်း ပြောသည်။

**ဂျိုးနက်**

# ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ ဆေးကုသမှုပြုလုပ်ပေးခဲ့

**ကလေး၊ ဇန်နဝါရီ ၂၉**

အိန္ဒိယနိုင်ငံ၏ ၆၅ နှစ်မြောက် Republic အထိမ်းအမှတ်အဖြစ် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီ ၂၆ ရက်က လူနာ ၂၀၇၆ ဦးကို အခမဲ့ ဆေးကုသမှုပြုလုပ်ပေးခဲ့သည်။

အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ အိန္ဒိယကောင်စစ်ဝန် Narendra K. Rana၊ မဏိပူရပြည်နယ်၊ အင်ဖာမြို့ Rotary Club မှ Dr. Palm Khundang Bam နှင့်ကျွမ်းကျင်ဆရာဝန် ၁၇ ဦး၊ သူနာပြုဆရာမ ၁၆ ဦးတို့က အဆိုပါဆေးရုံတွင် အရေပြားဝေဒနာရှင်များ၊ ကလေးသူငယ်လူနာများ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်းလည်ချောင်းနှင့် အထွေထွေရောဂါဝေဒနာရှင် ၁၉၅၉ ဦးနှင့် ခွဲစိတ်လူနာ ၁၁၇ ဦးအပါအဝင် စုစုပေါင်းလူနာ ၂၀၇၆ ဦးအား အခမဲ့ဆေးကုသပေးခဲ့သည်။

အင်ဖာမြို့၊ Rotary Club က ကလေးမြို့ ပြည်သူ့ဆေးရုံအတွက် ကျပ်သိန်းပေါင်း ၄၄ သိန်းတန်ဖိုးရှိ Ultrasound စက်ကိုလည်း ကလေးမြို့ပြည်သူ့ဆေးရုံသို့ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**ဂျူနိုင်း**

# မန္တလေးမြို့တွင် တတိယအကြိမ်မြောက် အင်္ဂလိပ်စာဆရာ၊ ဆရာမများ၏ နှီးနှောဖလှယ်ပွဲကျင်းပ

**မန္တလေး၊ ဇန်နဝါရီ ၂၉**

မန္တလေးမြို့တွင် အင်္ဂလိပ်စာ ဆရာ/ဆရာမများ၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲကို ယခုလအတွင်း မန္တလေးမြို့၊ Mandalay Hill Resort Hotel ၌ ဗြိတိသျှကောင်စီက ကြီးမှူး၍ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါနှီးနှောဖလှယ်ပွဲအား 'Innovations: Making Learning, Engaging, Interactive, Accessible and Fun' ခေါင်းစဉ်ဖြင့်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အစိုးရ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများမှ ဆရာ၊ ဆရာမများ၊ ပုဂ္ဂလိက ကျောင်းများနှင့် နိုင်ငံတကာသင်တန်း ကျောင်းများမှ ဆရာ၊ဆရာမများ စုစုပေါင်း ၁၇၀ ခန့် တက်ရောက်ခဲ့သည်။

နှီးနှောဖလှယ်ပွဲကျင်းပစဉ် နှစ်ရက်တာအတွင်း အလုပ်ရုံဆွေးနွေးပွဲ ၂၁ ခုအား ကျင်းပခဲ့ပြီး လာမည့်နှစ်များတွင် ပိုမိုပြည့်စုံသော ဆွေးနွေးပွဲများကျင်းပနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လစဉ် ဆွေးနွေးပွဲငယ်များ ကျင်းပနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဗြိတိသျှကောင်စီ၏ မန္တလေးမြို့မှ တာဝန်ခံအရာရှိ ဦးအေးကြူက ပြောသည်။

ဗြိတိသျှကောင်စီမှ English in Education Systems ဌာန၏ တာဝန်ရှိသူ ဒေါက်တာခိုင်ဖြူထွန်းကလည်း ဤပွဲတွင် နိုင်ငံတကာမှ Workshop Presenter များနှင့် ပြည်တွင်းမှ ပညာရှင်များ တွဲဖက်ဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ပို၍လူဦးရေများများ ပါဝင်ခွင့်ရနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေးတွင် စီစဉ်မည့် လစဉ်ဆွေးနွေးပွဲငယ်များအတွက်လည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

# ရာပြည့်ဦးကောင်းညွန့် ဓမ္မစာပေဆုများ ဖိတ်ခေါ်ထား

အမျိုးဘာသာ သာသနာ ယဉ်ကျေးမှုဆိုင်ရာများကို ဖော်ထုတ်သည့်အနေဖြင့် မုံရွာမြို့၊ ရွှေတိဂုံပုံတူ ရာပြည့်ကပ်ကျော်မင်္ဂလာ မဟာစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းညွန့်၏ မတည်အလှူငွေဖြင့် ရာပြည့်ဦးကောင်းညွန့် ဓမ္မစာပေဆုကို နှစ်စဉ်ကျင်းပမည်ဖြစ်သည်။

ပထမဦးဆုံးအကြိမ် ပြိုင်ပွဲအဖြစ် အလွတ်တန်းအဆင့်တွင် မုံရွာမြို့၊ ရွှေတိဂုံပုံတူ ရာပြည့်ကပ်ကျော်မင်္ဂလာ မဟာစေတီတော်မြတ်ကြီးနှင့် ၁၉၂၈ က ဘေးမဲ့ကန်သာယာ ခေါင်းစဉ်ဖြင့် စာတမ်းကို ၂၀၁၄ ခုနှစ် ဇူလိုင် ၃၀ ရက်နောက်ဆုံးထား၍ ရာပြည့်ဦးကောင်းညွန့်၊ ဥက္ကဋ္ဌ၊ ရွှေတိဂုံပုံတူ ရာပြည့်ကပ်ကျော်မင်္ဂလာ မဟာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၊ ဘေးမဲ့ကန်သာယာ မုံရွာသို့ ပေးပို့နိုင်သည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ နှစ်သိမ့်ဆုနှစ်ဆု ကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်ပြီး သိရှိလိုသည်များကို ၀၉-၂၅၉၀၆၉၆၉ နှင့် ၀၉-၆၈၁၈၈၀၅ သို့ မေးမြန်းနိုင်သည်။ထို့ပြင် အထက်တန်းဆင့်နှင့် အလယ်တန်းအဆင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ ဆန်းစစ်လွှာရှစ်ပါးသီလနှင့် ငါးပါးသီလ ပါဠိ-မြန်မာပြန်နှင့် မဲကျရာ တစ်ပါး၏ ကောင်းကျိုးဆိုးပြစ်များ မေးခွန်းလွှာကို ဖြေဆိုရမည်ဖြစ်ပြီး သိရှိလိုသည်များကို ရာပြည့်ဦးကောင်းညွန့် ဓမ္မစာပေဆုကော်မတီ အတွင်းရေးမှူး ဦးကျော်သက်ခိုင် (၀၉-၅၁၆၇၅၂၂ နှင့် ၀၇၁-၂၂၂၇၅)သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**






# အလုပ်ရှင်၊ အလုပ်သမား ကြားဆွေးနွေးမှု ပိုမိုလိုအပ်ဟု အိုင်အယ်လ်အိုပြော

## အလုပ်သမားရေးရာ အငြင်းပွားမှုများအား ဖြေရှင်းနိုင်ရန် စေ့စပ်ညှိနှိုင်းမှုများ ပိုမိုလိုအပ်

**ရန်ကုန် ဇန်နဝါရီ ၂၉**

အလုပ်သမားရေးရာ အငြင်းပွားမှုများအား ဖြေရှင်းရန်နှင့် အထောက်အကူပြုသော စေ့စပ်ညှိနှိုင်းမှုများ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆွေးနွေးမှုပြုလုပ်ရန် ပိုမိုလိုအပ်ကြောင်း ဇန်နဝါရီ ၂၇ ရက်ထုတ် အိုင်အယ်(လ်)အို သတင်းထုတ်ပြန်ချက်အရ သိရသည်။

"အလုပ်သမားရေးရာ အငြင်းပွားမှုတွေကို ရှောင်ရှားနိုင်ဖို့အတွက် ကူညီတာဟာ အင်မတန် အရေးကြီးပါတယ်။ ဒီနေရာမှာ အလုပ်ရှင်နဲ့ အလုပ်သမားတွေကြား အပြန်အလှန် ဆွေးနွေးပြောဆိုမှုကို တိုးမြှင့်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီအသုံးဝင်တဲ့ လမ်းညွှန်ချက်တွေဟာ နိုင်ငံတကာ အတွေ့အကြုံပေါ်မှာ အခြေခံထားတာဖြစ်ပြီး အလုပ်သမားတွေ၊ အလုပ်ရှင်တွေနဲ့ အစိုးရအရာရှိတွေအတွက် အထောက်အကူပေးနိုင်မှာပါ"ဟု အိုင်အယ်(လ်)အိုရုံး၏ ဆက်သွယ်ရေးအရာရှိဖြစ်သူ Steve Marshall က ပြောသည်။

အိုင်လယ်(လ်)အိုရုံး၏ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အပြန်အလှန် ဆွေးနွေးပြောဆိုခြင်းဆိုင်ရာ စီမံကိန်း၏ နည်းပညာဆိုင်ရာ အကြံပေးအရာရှိဖြစ်သူ Patrick Quinn ကလည်း အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ၂၀၁၂ အရ အလုပ်သမားဦးရေ ၃၀ နှင့် အထက်ရှိသော လုပ်ငန်းခွင်များ၌ အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အလုပ်သမားရေးရာ လုပ်ငန်း ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းသင့်ပြီး ထိုသို့ဖွဲ့စည်းမှသာ အလုပ်သမားဝန်ထမ်းများ၏ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် စေ့စပ်ညှိနှိုင်းမှုပြုလုပ်ရာတွင် တိုးတက်ကောင်းမွန်လာမည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း တွေ့ရသည်။

"အလုပ်သမားနဲ့ အလုပ်ရှင်တွေ အနည်းဆုံး တစ်ပတ်တစ်ခါ တွေ့ဆုံဆွေးနွေးပြီး လိုအပ်ချက်တွေပြောဖို့ မှာကြားထားပါတယ်။ စက်ရုံအလုပ်ရုံတွေမှာ အလုပ်သမား ၁၀ ရာခိုင်နှုန်းထောက်ခံရင် အလုပ်သမားအဖွဲ့ အစည်းဖွဲ့လို့ရပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားပြေပြေလည်လည်နဲ့ ညှိနှိုင်းမယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုယူမယ်ဆိုရင် ရေရှည်ကောင်းလာမှာပါ" ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောသည်။

မြန်မာနိုင်ငံရှိ စက်ရုံအလုပ်ရုံများမှ ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့အစည်း ၉၅၉ ဖွဲ့ရှိပြီး ရန်ကုန်ရှိ အထည်ချုပ်စက်ရုံများတွင်ပင် အလုပ်သမားဦးရေ နှစ်သိန်းခန့်ရှိကြောင်း အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။ **စိုးအောင်ဖေ**

မြစ်သားမြို့နယ်တွင် ပွဲလုံးကျော်–ထိန်ကန်ကြီးကျေးရွာချင်းဆက်သွယ်သည့် လမ်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ် ရန်ပုံငွေမှ ငွေကျပ် ၂ ဒသမ ၈၃ သန်း အကုန်အကျခံပြီး တံတားကို Kinetic Arts ကုမ္ပဏီမှ တာဝန်ယူကာတည်ဆောက်သွားမည်ဖြစ်ရာ ဆောက်လုပ်မည့် မြေနေရာတိုင်းတာကြည့်ရှုခြင်းများကို မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးဝင်းတင်နှင့် အငယ်တန်း အင်ဂျင်နီယာ –၂ ဒေါ်မော်မော်ဦးတို့ကကွင်းဆင်းကြည့်ရှုစစ်ဆေးနေစဉ်။ သတင်းနှင့် ဓာတ်ပုံ- ထွန်းထွန်းနိုင် (ကျောက်ဆည်)

# မန္တလေးတွင် ဓာတ်ပုံပညာဟောပြောပို့ချခြင်းနှင့် ဓာတ်ပုံပြပွဲ အကြိုစာနယ်ဇင်းရှင်းလင်း

**မန္တလေး၊ ဇန်နဝါရီ ၂၉**

မောင်မောင်ဝင်းကို(ဆန်းစတား)၏ ဓာတ်ပုံဖြတ်သန်းမှု နှစ် (၂၀) ပြည့် အထိမ်းအမှတ်အဖြစ် ဓာတ်ပုံပညာဟောပြောပို့ချခြင်းနှင့် ဓာတ်ပုံပြပွဲကျင်းပရန် အကြိုစာနယ်ဇင်းရှင်းလင်းပွဲကို ဇန်ဝါရီ ၂၅ ရက်က မန္တလေးမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

စာနယ်ဇင်းရှင်းလင်းပွဲတွင် ၎င်း၏ နှစ် ၂၀ ပြည့် ဓာတ်ပုံဖြတ်သန်းမှုအတွေ့အကြုံများနှင့် ဓာတ်ပုံပညာရပ်များကို ဟောပြောပို့ချပေးမည်ဖြစ်ပြီး ဓာတ်ပုံပေါင်း ၂၀၀ ကိုလည်း ပြသသွားမည်ဖြစ်ကြောင်းနှင့် ဓာတ်ပုံပညာနှင့်ပတ်သက်၍ ပတ်ဝန်းကျင်မှရလာသည့် အရာမှန်သမျှ တန်ဖိုးရှိကြောင်းကို သိစေချင်သည့် ရည်ရွယ်ချက်များ ထားရှိကြောင်း မောင်မောင်ဝင်းကို(ဆန်းစတား)က ရှင်းလင်းပြောကြားသည်။

"ကျွန်တော်ဖြတ်သန်းခဲ့တဲ့ သက်တမ်းတစ်လျှောက်အတွေ့အကြုံတွေကို ပတ်ဝန်းကျင်နှင့် ဓာတ်ပုံပညာခေါင်းစဉ်နဲ့ ရှင်းလင်းဟောပြောပေးမှာပါ။ ပြပွဲမှာ လက်တွေ့ရိုက်ကူးမှုအနေနဲ့ မည်သူမဆို မိမိကင်မရာနဲ့ဖြစ်စေ၊ ကျွန်တော်တို့စီစဉ်ပေးထားတဲ့ ကင်မရာနဲ့ဖြစ်စေ ရိုက်ကူးစေရန် မော်ဒယ်လ်သုံးဦးကို စီစဉ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါပြပွဲအား ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ မန္တလေးမြို့ ဓမ္မသာလာခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲတွင် နီကွန်ကုမ္ပဏီမှ ကင်မရာနှင့် ဆက်စပ်ပစ္စည်းများကို အထူးအစီအစဉ်များဖြင့် ရောင်းချပေးမည်ဖြစ်သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## သတင်းတို

### သမဝါယမလုပ်ငန်းများအတွက် ချေးငွေများပေး

သရက်ခရိုင်၊ကံမမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ပါ သမဝါယမ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်လူမှုစီးပွား ဘဝမြှင့်တင်ရေးရည်ရွယ်ချက်ဖြင့် ပံ့ပိုးချေးငွေပေးအပ် ခြင်းကို မြို့နယ်သမဝါယမ ဦးစီးဌာနက ကျေးရွာများရှိ သမဝါယမအသင်းများမှ အသင်းသားပေါင်း ၁၁၈၁ ဦးအား ပံ့ပိုးချေးငွေကျပ် ၁၀၂၅၉၅၀၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ပေးအပ်ခဲ့သည်။ အဆိုပါပံ့ပိုးချေးငွေ ပေးအပ်ခြင်းကို မြို့နယ်ရုံးမှ ကွင်းဆင်းအဖွဲ့ လေးဖွဲ့ခွဲ၍ အသင်းသားများလက်ဝယ်အရောက် ချေးငွေများပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(iprd)**

### လယ်ယာသုံးစက်များမောင်းနှင်မှု သင်တန်းဖွင့်

တာချီလိတ်မြို့၊ ကျေးလက်ဒေသရှိ လယ်ယာလုပ်ကိုင်သူ တောင်သူများသည် လယ်ယာလုပ်ငန်းများတွင် စက်ကိရိယာများ ယခင်ကထက် ပိုမိုသုံးစွဲနေကြပြီဖြစ်သည်။ စက်မှုလယ်ယာ ဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများ လက်တွေ့ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှု(အခြေခံ)သင်တန်းကို ဖန်မင်ကျေးရွာအုပ်စု၊မယ်ယန်းကျေးရွာတွင် ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်ထိ ဖွင့်လှစ်ခဲ့သည်။ သင်တန်းတွင် တောင်သူများလယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာကိုင်တွယ်ထိန်းသိမ်း မောင်းနှင်တတ်စေရန် ထွန်းစက်ကြီး၊ လက်တွန်းထွန်စက်နှင့် ချွေလှေ့စက်မောင်းခြင်းများ သင်ကြားပေးရာ သင်တန်းသား ၃၀ တက်ရောက်ခဲ့သည်။ **မော်ကြီး(တြိဂံနယ်မြေ)**

Building Design, Interior Design
သက်မွေးပညာ သင်တန်း ဖွင့်မည်
facebook.com/sayaung2014
PROMOTION Computer 09771184525

Vocational Engineering Training Center
- PIC Embedded System Applications
- Industrial Electronic Skill Applications
- E-CAD (Electrical Drawing & Design)
- M&E (Drawing)

ပြည်ပအလုပ်အကိုင် ပြခန်းဖွင့်ပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အမှာစကား ပြောကြားနေစဉ်။ သတင်းနှင့်ဓာတ်ပုံ - ကိုကိုရူပ

# အန္တရာယ်ရှိသော ရေသတ္တဝါများ လူနေနီးသော မြစ်ချောင်းများအတွင်း ဝင်လာပါက အကူအညီတောင်းခံနိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၂၉ ရက်**

အန္တရာယ်ရှိသော ရေသတ္တဝါများဖြစ်သည့် မိချောင်း၊ ငါးမန်းများ လူနေထိုင်မှုထူထပ်သော မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်းသို့ ဝင်ရောက်လာခဲ့ပါက ကူညီဖမ်းဆီးထိန်းသိမ်းပေးကြောင်း သာကေတမိချောင်းမွေးမြူရေးစခန်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“တကယ်လို့ ကျွန်တော်တို့ ရန်ကုန်တိုင်း အနီးပတ်ဝန်းကျင်အတွင်းမှာ တွေ့တာဆိုရင်တော့ အများသူငှာလည်း အန္တရာယ်ကင်းအောင် ကျွန်တော်တို့စခန်းက မိချောင်းထားတဲ့ စခန်းဖြစ်တော့ ဝိုင်းဝန်းပြီး ကူညီဖမ်းဆီးပေးပါတယ်။ အရင်ဖမ်းခဲ့တာတွေလည်း ရှိပါတယ်” ဟု ၎င်းက ပြောသည်။

မိချောင်း၊ ငါးမန်း ဖမ်းဆီးထိန်းသိမ်းပေးခြင်းသည် သာကေတ မိချောင်းမွေးမြူရေးစခန်း၏ သီးသန့်လုပ်ငန်း မဟုတ်သော်လည်း ရန်ကုန်မြို့နှင့် အခြားနယ်ဒေသတစ်ခုခုမှ အကူအညီတောင်းခံပါက တိုင်းဒေသကြီး ငါးဦးစီးဌာနသို့ ဆက်သွယ်နိုင်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးဦး၏ ခွင့်ပြုချက်ရမှသာ ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

“လူကို ဒုက္ခပေးတဲ့ ရေသတ္တဝါထဲမှာတော့ မိချောင်းက အန္တရာယ် အရှိဆုံးပါပဲ။ မနှစ်တုန်းကလည်း သာကေတ ရှုခင်းသာဘက်ခြမ်းမှာ မိချောင်းကြီးတစ်ကောင်ကို ဖမ်းဆီးပေးနိုင်ခဲ့ပါတယ်” ဟု သာကေတ မိချောင်းမွေးမြူရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ဆက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်၊ ရွှေပြည်သာနှင့် မှော်ဘီအကြား ဝါးတစ်ရာစက်မှုဇုန်အနီးတွင် ယခုလ ၁၉ ရက်က အလေးချိန်သုံးပိဿာခန့်နှင့် အရှည် သုံးပေငါးလက်မရှိသော နှစ်ပေါင်း ၂၀ နီးပါးထိ အသက်ရှင်နိုင်သော မြောက်အမေရိကတိုက်၌သာတွေ့ရသည့် အသားစား မိချောင်းငါး (Alligator Grafish) တစ်ကောင်အား တံငါသည်တစ်ဦးမှ ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

**စိုးအောင်ဖေ**

# အလုပ်အကိုင်အေဂျင်စီများမှ ပြည်ပအလုပ်အကိုင် ပြပွဲကျင်းပ၊ တက်ရောက်သူစုစုပေါင်း ၂၀၀ ခန့်ရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ကျန်စစ်သားအိမ်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ‘သုခစုစံ’ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီက ပြည်ပအလုပ်အကိုင်ပြပွဲကို ယခုလ ၂၅ ရက်မှ ၂၇ ရက်ထိ ကျင်းပခဲ့သည်။

သုံးရက်တာ ကျင်းပသော အဆိုပါပြပွဲ၏ ပြည်ပအလုပ်အကိုင် ဆိုင်ရာပြခန်း ၃၉ ခန်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (ရန်ကုန်)၏ လူကုန်ကူးမှု အသိပညာပေးပြခန်းနှစ်ခန်းတို့ ဖြင့် ခင်းကျင်းပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုးမြင့်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ နှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

**ကိုကိုရူပ**

# ဒီပဲယင်းမြို့နယ်မှ ရာဟုလာဓမ္မသင်တန်းကျောင်း (အခမဲ့ပညာရေး ) တက်ရောက်သင်ကြားနိုင်

**မုံရွာ၊ ဇန်နဝါရီ ၂၉**

ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်စံပြ ကျေးရွာအရှေ့ တစ်မိုင်ခန့်အကွာတွင် ဒေါက်တာအရှင်အာစာရဦးဆောင်ပြီး ရာဟုလာ ဓမ္မသင်တန်းကျောင်း (အခမဲ့) ပညာရေးကျောင်းကို ၂၀၁၂ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ထားပြီး ကျောင်းသား/ကျောင်းသူများကို ဗုဒ္ဓဘာသာအခြေခံနှင့် အင်္ဂလိပ်စာတတ်မြောက်စေရန်၊ လူငယ်များအခြေခံပညာသင်ယူခွင့်ရရှိစေရန် ရည်ရွယ်၍ တရုတ်စာ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာပညာတို့ကို သင်ကြားစေရန် ပရိယတ္တိသာသနာကို မြှင့်တင်ရန် သင်ကြားပေးသည်။

ဒေါက်တာအရှင်အာစာရက “ဘုန်းကြီးရဲ့ အဓိကရည်ရွယ်ချက် ကတော့ ကျောင်းသား/သူများ ဗုဒ္ဓဘာသာအခြေခံနှင့် အင်္ဂလိပ်စာတတ်မြောက်စေရန်၊ လူငယ်များ အခြေခံပညာသင်ယူခွင့် ပိုမိုရရှိစေရန် ရည်ရွယ်ပါတယ်” ဟု မိန့်ကြားခဲ့သည်။

ကျောင်းသားမိဘတစ်ဦးကလည်း “စီးပွားရေး အဆင်မပြေတော့ ကျောင်းမထားနိုင်ခဲ့ဘူး၊ ဒီကျောင်းလေး ပေါ်လာတဲ့အတွက် ဝမ်းသာပါတယ်၊ သားသမီးတွေပညာရေးအတွက် စိတ်မပူရတော့ဘူး”ဟု ပြောသည်။ **ဖိုးချမ်း(မုံရွာ)**

## သတင်းတို

### တက္ကသိုလ်ဝင် စာမေးပွဲ အတွက် ဆွေးနွေးပို့ချ

မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မုံရွာတက္ကသိုလ်မှ တွဲဘက်ပါမောက္ခ ဦးကျော်နိုင်နှင့် ဆရာကြီး၊ ဆရာမကြီး ငါးဦးက အနီးကပ်သင်ခန်းစာပို့ချချက်များကို သင်ကြားပို့ချခဲ့ရာ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၃၅၂ ဦး တက်ရောက်ခဲ့သည်။ **မြို့နယ် ပြန်/ဆက်**

ကန့်ကွက်နိုင်ပါသည်

အများသိစေရန် ကြေညာချက်

ကန့်ကွက်နိုင်ပါသည်

KYI SOE IC
CERTIFICATE

Ph:09-5418126

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

Issue 30 Saw.indd 15 1/29/2014 10:04:03 AM

# ရင်ခွင်ပိုက်ကလေးနှင့် မိခင် လဲကျရာမှ သစ်ငုတ် တိုနှင့် ဆောင့်မိပြီး မိခင် ရော ကလေးပါသေဆုံး

## စုံစမ်းစစ်ဆေးချက်များအရ မသင်္ကာသူ လူသတ်မှုဖြင့် တရားစွဲဆို

**ပုသိမ်၊ ဇန်နဝါရီ ၂၉**

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့ နယ်ခွဲ ကျူတောကျေးရွာနေ စောမုန်တိုင်း၏ အုန်းခြံအတွင်း၌ ဇန်နဝါရီ ၁၈ ရက်က ၎င်း၏ဇနီး နော်ဖိုးမူဆီ ၃၁ နှစ်နှင့် ရင်ခွင်ပိုက် သုံးလအရွယ် ၎င်း၏သား စောထူးလေးတို့ သားအမိသည် ၎င်းတို့၏ အုန်းခြံအတွင်း၌ ခြေချော် လဲကျရာမှ သစ်ငုတ်တိုနှင့် နော်ဖိုးမူဆီ မျက်နှာကို ဆောင့်မိသွား၍ ရင်ခွင်ပိုက်ထားသော ကလေးငယ် ပြုတ်ကျပြီး မြေကြီးနှင့် ဦးခေါင်း ရိုက်မိသည့် ဒဏ်ရာဖြင့် မိခင်နှင့်ကလေးပါ သေဆုံးကြောင်း သတင်းရရှိသည်။

မျက်နှာဝဲဘက် ညိုမဲဖူးယောင်ဒဏ်ရာ၊ ယာမျက်နှာ ညိုမဲဖူးယောင်ဒဏ်ရာ၊ နားရွက်ကွဲဒဏ်ရာ၊ လည်ပင်းညိုမဲဒဏ်ရာများဖြင့် သွေးနုသားနုသေဆုံးခြင်းဖြစ်သကဲ့သို့ ရင်ခွင်ပိုက်သား စောထူးလေး သုံးလ၏ ဦးခေါင်းနောက်စေ့ညိုမဲဒဏ်ရာ၊ ယာနားရွက်အောက်ညိုမဲဒဏ်ရာများ စစ်ဆေးတွေ့ရှိရ၍ ရွှေသောင်ယံမြို့ နယ်ခွဲဆေးရုံသို့ ရဲဆေးစာဖြင့် ဆက်လက်စစ်ဆေးခြင်း ပြုလုပ်ကြသည်။ အဆိုပါ ဆေးစစ်ချက်ပြန်ကြားစာတွင် သေဆုံးသူ နော်ဖိုးမူဆီ၏ မျက်နှာ၊ လည်ပင်းတွင် ရရှိသော ဒဏ်ရာမှာ ပြင်းထန်သောကြောင့် သေဆုံးရခြင်းဖြစ် ကြောင်း၊ စောထူးလေး၏ ဦးခေါင်း ခွံရိုး ကွဲအက်မှုကြောင့် သွေးစိမ့်ဝင်ပြီး သေဆုံးခြင်းဖြစ်ရသည်ဟု ဆေးစာပြန်ကြားချက်အရ ရွှေသောင်ယံမြို့နယ်ခွဲ ရဲစခန်းမှ ဒုရဲအုပ်ဌေးအောင်သည် သေမှုသေခင်းအမှတ်- ၁/၂၀၁၄ ဖြင့် အမှုဖွင့်ထားခြင်းမှ (ပ)၃-၂၀၁၄/ပြစ်မှုပုဒ်မ-၃၀၂ ဖြင့် ပြောင်း၍ မသင်္ကာသူ စောမုန်တိုင်း(ခ)စောသပွီး ၃၁ နှစ်အား ဖမ်းဆီးအရေးယူ၍ ပုသိမ်ခရိုင်တရားရုံးမှ တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိသည်။

### သေမှုသေခင်း အမှုမှ ပုဒ်မ ပြောင်း၍. . .

ထို့ကြောင့် ရွှေသောင်ယံမြို့နယ်ခွဲ ရဲစခန်းမှ ဒုရဲအုပ် ဌေးအောင်၏ တိုင်တန်းချက်အရ သေမှုသေခင်းအမှတ်- ၁/၂၀၁၄ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ရာတွင် သေဆုံးသူနော်ဖိုးမူဆီ၏

**ပုသိမ်လုကြည်**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရန်ကုန်မှဘိုကလေးသို့ ပြေးဆွဲလျက်ရှိသော ရုပ်ပြေးရေယာဉ်တစ်စီးပေါ်တွင် စာပေရေချမ်းစင်အဖြစ် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားကဏ္ဍများဆိုင်ရာ စာအုပ်စာပေများကို ခရီးသွားရင်းဖတ်ရှုနိုင်ရန် စီစဉ်ထားရှိသည်ကို တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ- ဌေးနိုင် (ဘိုကလေး)

# ကညွတ်ကွင်းမြို့ ကုသိုလ် ဖြစ်ဆေးခန်းအတွက် ငွေဆယ်သိန်းလှူဒါန်း

**ကညွတ်ကွင်း၊ ဇန်နဝါရီ ၂၉**

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့တွင် စေတနာရှင်၊ အလှူရှင်၊ လုပ်အားဒါနအလှူရှင်များ စုပေါင်းတည်ထောင်ထားသော အမေ့မေတ္တာအခမဲ့ ကုသိုလ်ဖြစ်ဆေးခန်းသို့ အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီတွင် အဆိုပါဆေးခန်း၌ ကျင်းပခဲ့သည်။

ယင်းအလှူငွေပေးအပ်ပွဲတွင် ရန်ကုန်မြို့နေ မောင်ကျော်နိုင်ထွန်း-မမေစိုးဦးတို့၏ မင်္ဂလာဦးအလှူငွေကျပ် ၁၀ သိန်းနှင့် လူနာတစ်ဦးစီအား မျက်နှာ သုတ်ပုဝါတစ်ထည်စီ ပေးအပ်ခဲ့ပြီး အလှူငွေကို ဆေးခန်း အုပ်ချုပ်ရေးအဖွဲ့မှ လက်ခံရယူခဲ့သည်။ ဆေးခန်းအား ၂၀၁၃ ခုနှစ်၊ မေ ၅ ရက်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကညွတ်ကွင်းမြို့ ပေါ်နှင့် ရပ်ဝေးရပ်နီး ကျေးရွာများရှိ ဆင်းရဲချမ်းသာ လူမျိုးဘာသာ မရွေး ဆေးခန်းမှ စေတနာအခမဲ့ ကုသပေးလျက်ရှိရာ ဇန်နဝါရီလအထိ လူနာပေါင်း ၄၂၀၀ အား ကုသပေးခဲ့ပြီး ဖြစ်သည်။ အလှူငွေလှူဒါန်းလိုပါက ဖုန်း (၀၉-၄၂၅၃၀၆၅၈၃) ဒေါ်နွယ်နီဝင်း၊ (၀၉-၄၂၈၂၀၀၇၁၀) ဒေါ်တင်မိုးဖြူ (၀၉-၄၉၂၄၈၇၉၉) ဦးအောင်မင်းတို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **ဦးခင်ဆွေ (၅၂၁)**

# ကိုယ့်အားကိုယ်ကိုး ခင်သာ–မုန်ဇင်း ကျေးရွာခင်းလမ်း ဖောက်လုပ်ပြီးစီး

**မိတ္ထီလာ၊ ဇန်နဝါရီ ၂၉**

မိတ္ထီလာမြို့နယ် အရာတော်အုပ်စု ခင်သာ-မုန်ဇင်း ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီး၍ ဒေသခံများ သွားလာရအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီလမ်းကို မဆောင်ရွက်ခင် ခင်သာကျေးရွာနှင့် မုန်ဇင်းကျေးရွာမှာ ၄ ဖာလုံသာ ဝေးကွာသော်လည်း မိုးရာသီဆိုရင် သွားလာရ အခက်အခဲများ ကြုံတွေ့ခဲ့ရတယ်။ မုန်ဇင်းကျေးရွာမှ မိတ္ထီလာမြို့သို့သွားလျှင် ခင်သာကျေးရွာ-မုန်ဇင်းကျေးရွာဆက်သွယ်သည့်လမ်းက ဖြတ်သွားရတယ်။ ရွာက မူလတန်းကျောင်းသာရှိ၍ ရေချိုကျေးရွာ အထက်တန်းကျောင်းသို့ သွားသည့် ကျောင်းသားကျောင်းသူများလည်း အဆိုပါလမ်းကို အသုံးပြုကြရသဖြင့် မိုးရာသီဆို ဆိုင်ကယ်များ၊ စက်ဘီးများ သွားလာလို့မရဘူး။ ခြေလျင်သွားရင်လည်း ရွှံ့ဗွက်တွေပေပြီး ကျောင်းသွားရတာ အခက်အခဲများ ကြုံတွေ့ခဲ့ရတယ်။ ဒါကြောင့် မုန်ဇင်းကျေးရွာ ဆရာတော်ဦးဉာဏိန္ဒက ဦးဆောင်ပြီး ခင်သာကျေးရွာနှင့် မုန်ဇင်းကျေးရွာကို ဆက်သွယ်သည့် မြေသားလမ်းကို မုန်ဇင်းကျေးရွာနှင့် ခင်သာကျေးရွာမှ ရွာသူရွာသားများ၏ ငွေအား၊ လူအားဖြင့် ကိုယ့်အားကိုယ် ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည့် လမ်းအရှည် ၄ ဖာလုံ၊ အကျယ် ဘေးဝဲယာ ရေမြောင်းပါ ပေ ၃၀ မြေသားလမ်းကို ဩဂုတ်လတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားသည်

**သိန်းမြင့်ကျော် (မိတ္ထီလာ)**










## "ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

သံဝေဇနီယလေးဌာနတွင် သံဝေဂအရဆုံးဌာနဖြစ်သော ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူရာ အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ် ၊ ကုသိနာရုံ၌ ဗုဒ္ဓဂယာ မဟာဆောင်ကျောင်းဆရာတော် ဘဒ္ဒန္တ ခေမိန္ဒာဘိဝံသ ဦးစီး၍ "မလ္လာရာမဝိဟာရမြန်မာကျောင်း" ဆောက်လုပ်မည်ဖြစ်ပါသည်။

စေတနာရှင်များအနေဖြင့် ကျောင်းဆောင်အတွက် ဒါနမှတ်တိုင်များ လှူဒါန်းနိုင်ကြပါသည် -

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ

ရုံးချုပ်-ဘဒ္ဒန္တဝိစိတ္တ ၊ မြတ္တဝိဟာရကျောင်း ၊ ဝေဠုဝန်ကျောင်းတိုက် ၊ ဆင်းဆောင်မြို့နယ် ၊ ရန်ကုန်။ ဖုန်း - ၀၉၄၅၃၂၀၄၁၇၂

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၂/၂၀၁၄)

[illegible]

## တက္ကသိုလ်ကြီး ရန်ကုန်တက္ကသိုလ် ရွှေရတု ဆရာတော်နေ့

[illegible]

## မီးဘေးရှောင် မလောင်ခင်တား

အထူးဝမ်းနည်းကြေကွဲခြင်း

ဝမ်းနည်းကြေကွဲခြင်း

အထူးဝမ်းနည်းကြေကွဲခြင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဝမ်းနည်းကြေကွဲခြင်း

အထူးဝမ်းနည်းကြေကွဲခြင်း

(ထပ်ဆင့်အကယ်ဒမီ ဒေါ်ခင်ယုမေ)

ဝမ်းနည်းကြေကွဲခြင်း

အထူးဝမ်းနည်းကြေကွဲခြင်း

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပြုံး (၉၃)နှစ်
**(ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)**

ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့် ဒေါ်သန်းသန်းအေးတို့၏ဖခင် ဦးပြုံး အသက် (၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပြုံး (၉၃)နှစ်
**(ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)**

ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေး တို့၏ ဖခင် ဦးပြုံး အသက် (၉၃)နှစ်သည် ၂၇ -၁-၂၀၁၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခရိုင်မှူးနှင့် ဝန်ထမ်းမိသားစု**
**ရန်ကုန်မြောက်ပိုင်းခရိုင်**
**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပြုံး (၉၃)နှစ်
**(ကျုံကဒတ်ကျေးရွာ၊ သံဖြူဇရပ်)**

ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့် ဒေါ်သန်းသန်းအေးတို့၏ဖခင် ဦးပြုံး အသက်(၉၃)နှစ်သည် ၂၇-၁-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Khin Maung Nyunt Trading Co.,Ltd**
**Supplier Global Pte Ltd.**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ညွန့်ရီ (၇၇)နှစ်

ရန်ကုန်မြို့နေ ဦးမိုးအောင်ချော(မက်စ်မြန်မာကုမ္ပဏီများအုပ်စု)၊ ဒုတိယဗိုလ်မှူးကြီးယုအေးလတ်(အမှတ်-၁၊ တပ်မတော်ဆေးရုံကြီး၊ ခုတင်-၁၀၀၀)တို့၏ မိခင်ကြီး ဒေါ်ခင်ညွန့်ရီ(တောင်ကြီး) အသက်(၇၇)နှစ်သည် ၂၆-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇) ဗိုလ်လောင်းသင်တန်း**
**သူငယ်ချင်းများနှင့် မိသားစုများ**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဆလိုင်းရွှေထွန်းဦး(သရက်)
## အသက်(၈၃)နှစ်
**အထက်တန်းကျောင်းအုပ်(ငြိမ်း)**
**အထက(မလွန်)မကွေးတိုင်းဒေသကြီး**

သရက်မြို့နေ (ဆမိုလှဦး-ဒေါ်စိန်ခ) တို့၏သားကြီး၊ သံတွဲမြို့နေ (ဦးမောင်စစ်-ဒေါ်မဆင်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေဟသ်၁လမ်း၊ အမှတ်(၂၀၃)နေ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဆလိုင်းသီဟမျိုးဦး (ဦးစီးအရာရှိ စီမံ/စာရင်း MOE CAF၊ နေပြည်တော်)၊ မိုင်ချိုမာဦး [အလပြ၊ အမက-၄၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်]၊ မိုင်နေနွယ်ဦး (ခရစ်တော်၏သာသနာ့အကျိုးတော်ဆောင်အဖွဲ့)၊ မိုင်သက်နွယ်ဦး (Team Leader, World Vision မြောင်းမြ)တို့၏ဖခင် ဦးဆလိုင်းရွှေထွန်းဦးသည် ၂၉-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၁-၂၀၁၄(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်သန်း (၆၇)နှစ်
**မြန်မာ့ရေလုပ်ငန်း/အကျဉ်းဦးစီးဌာန(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးမြို့နယ်၊ ကန်ဘဲ့ကျေးရွာနေ (ဦးခင်မောင်-ဒေါ်ကျင်မေ)တို့၏သမီး၊ (ဦးပါကြီး-ဒေါ်အေးကျင်)တို့၏ သမီးချွေးမ၊ ဒေါ်မြရွှေ၏တူမ၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ နိုကြေလေမ်း၊ အမှတ်(၄၉)၊ ငါးလွှာနေ ဦးအေးချစ်၏ဇနီး၊ ဒေါက်တာခင်စန္ဒာချစ် (ရူပဗေဒဌာန၊ ပြည်တက္ကသိုလ်)၏ချစ်လှစွာသောမိခင်၊ ဦးစိုးမင်း-ဒေါ်ထွန်းထွန်းကြူ၊ ဦးမြင့်ဆွေ-ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးကြည်စမ်း-ဒေါ်ခင်သိန်းအေးတို့၏အစ်မကြီး၊ တူ/တူမ ခုနစ်ယောက်တို့၏ ကြီးကြီးသည် ၂၉-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သဂ်ဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်ကြိုင်ကြိုင်(ခ)ဒေါ်ရှုလန်း
## အသက်(၈၅)နှစ်

တောင်ငူမြို့၊ အမှတ်(၁၆/၂၈၄)၊ (၁) လမ်းနေ ဦးထွန်းလှ၏ဇနီး၊ ဒေါက်တာခင်လေးရီ (တောင်ငူပြည်သူ့ဆေးရုံကြီး-ငြိမ်း)၊ ဦးတင်လှိုင်(MOGE-ငြိမ်း)-ဒေါ်အေးအေးသိန်း၊ ဦးတင်မောင်ဝင်း-ဒေါက်တာအေးအေးမြင့်၊ (ပါမောက္ခ/ဌာနမှူး၊ ဘူမိဗေဒဌာန၊ တောင်ငူတက္ကသိုလ်)၊ ဒေါက်တာလှဌေး (ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ်)-(ဒေါ်တင်တင်ဝင်း)၊ ဦးစိုးလှိုင်(ဆေးဆိုင်)- ဒေါ်ဥမ္မာကျော်၊ ဒေါက်တာမီမီချို (သမားတော်ကြီး၊ မင်းဘူးပြည်သူ့ဆေးရုံကြီး)တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်ကြိုင်ကြိုင်(ခ)ဒေါ်ရှုလန်းသည် ၂၈-၁-၂၀၁၄ ရက် ည ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၄ ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်မေ(Nelly Lim)
**စိတ်ရောဂါအထူးကုဆရာဝန်ကြီး(ငြိမ်း)**
## အသက်(၇၇)နှစ်

မန္တလေးမြို့၊ (၈၁)လမ်း၊ (၄၃-၄၄) လမ်းကြား၊ ရှမ်းပွဲရပ်၊ အမှတ်(၇၀၉)နေ [ဦးဟူတိ(ခ)ဦးစိန်လှိုင်-ဒေါ်ခင်ညွန့်]တို့၏ သမီးကြီး၊ (ဦးဘဦး-ဒေါ်ခင်တင့်)တို့၏ သမီးချွေးမ၊ (မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးချစ်မောင်)၏ချစ်လှစွာသောဇနီး၊ (ဦးကျော်ဇော)-ဒေါ်ညွန့်ညွန့်စိန်တို့၏ အစ်မ၊ ဦးမင်းမင်းထွဋ်-ဒေါက်တာမိမိခင် (Administration Director, Punhlaing Hospital)၊ ဒေါက်တာမောင်မောင်နိုင်-ဒေါ်ခင်မာထွန်း(USA)၊ ဒေါက်တာနိုင်ထွန်းဦး-ဒေါက်တာဝင်းဝင်းမေ(UK)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာဆုမြတ်သဥ္ဇာ၊ မအင်ကြင်းခက်သွယ် (Final Part-1, IM-1)၊ မသီရိမေဦး၊ မရွှန်းလဲ့မေဦး(UK)တို့၏ ချစ်လှစွာသောအဘွား၊ ဒေါ်မေမေခင်၊ ဒေါ်စန္ဒာခင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်အဒေါ် ဒေါ်မြင့်မြင့်မေ(Nelly Lim) စိတ်ရောဂါအထူးကုဆရာဝန်ကြီး(ငြိမ်း) သည် ၂၉-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်လှလှကြည် (၈၄)နှစ်
## (ပြည်)

ပြည်မြို့ အင်စပက်တော်မင်းကြီး (ဦးမောင်ကြီး-ဒေါ်ဒွေးရင်)တို့၏သမီး၊ ပြည်မြို့၊ အမှတ်(၁၃)၊ ကုန်သည်လမ်းနေ (ဦးစိန်)၏ ဇနီး၊ ပြည်မြို့နေ Dr. ဦးလှသန်း (ကလေးအထူးကုဆရာဝန်ကြီး)-ဒေါ်ခင်စိန်မူ၊ ရန်ကုန်မြို့နေ (ဒေါ်ကြူကြူဝင်း)၊ ဦးသန်းလင်း-ဒေါ်ဖြူဖြူစိန်၊ (ဦးစိုးဦး)-ဒေါ်သင်းသင်းစိန် (စိန်ပွင့်သမီးတော်ရတနာဆိုင်-I ဗိုလ်ချုပ်ဈေး)၊ ဒေါ်လဲ့လဲ့စိန်၊ ဒေါ်စန္ဒာစိန် (စိန်ပွင့်သမီးတော်ရတနာဆိုင်-II ဗိုလ်ချုပ်ဈေး)၊ ဦးအောင်ဇော်စိန်-ဒေါ်မြင့်မြင့်စန်း၊ ဦးတင်သိန်း(2nd Mate)-ဒေါ်သူဇာစိန်(သန့်စိန်ရွှေရတနာဆိုင် ဗိုလ်ချုပ်ဈေး)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၁-၂၀၁၄ ရက် ည ၇ နာရီတွင် အမှတ်(၅၆)၊ သဇင် Condo၊ ဗိုလ်ရာညွန့်လမ်း၊ အခန်းအမှတ်(၄၀၂) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [အမှတ်(၅၆)၊ သဇင် Condo နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၄(တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးခင်လှ(အငြိမ်းစား)
## အသက်(၇၄)နှစ်

ထုတ်လုပ်မှုဌာန၊ ကုန်သွယ်/လယ်ယာ(ရုံးချုပ်) (ဦးဘသောင်း-ဒေါ်ဖွားဟန်)တို့၏ သားလတ်၊ ဒေါ်စန်းရီ၏ ခင်ပွန်း၊ ကိုသန်းထိုက်၊ ကိုမျိုးမင်း၊ ကိုထွန်းထွန်းအေး-မရီရီခင်တို့၏ကျေးဇူးရှင်မွေးသဖခင်သည် ၂၈-၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၄(စနေနေ့) ညနေ ၃နာရီတွင် အမှတ်(၂၀)၊ အင်ကြင်းမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းသိန်းခင်
## အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (အငြိမ်းစား အတွင်းဝန်ဟောင်း သီရိပျံချီ ဦးဘညွန့်-ဒေါ်သောင်းခင်)တို့၏ သမီးထွေး၊ (ဦးသိန်းအောင်-ဒေါ်ညွန့်ညွန့်ခင်)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ဦးသိန်းအောင်-ဒေါ်နုနုခင်၊ (ဦးမြမိုး-ဒေါ်ရီရီခင်)၊ ဦးသန်းတင်-ဒေါ်ကြည်ကြည်ခင်၊ (ဦးသောင်းဖေ)-ဒေါ်ဝင်းဝင်းသန်းတို့၏ ညီမ၊ ဦးမောင်မောင်(ခ)ဦးတင်ထွဋ်၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၈)ရပ်ကွက်၊ ဗိုလ်ဖိုးစောလမ်း၊ အမှတ်(၁၀၁၄)နေ ဒေါ်သိန်းသိန်းခင်သည် ၂၈-၁-၂၀၁၄ရက် နံနက် ၃း၂၅ နာရီတွင် သယ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၄ ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၄(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အမာကြည်(ရာ/၇၃၁)
## အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၇၈၂)နေ (ဦးအဆွေ-ဒေါ်ကြည်)တို့၏သမီး (ဦးမြစိန်-ဒေါ်ချစ်စိန်) တို့၏သမီးချွေးမ၊ ဦးဝင်းနိုင်၊ ဒေါ်ခင်အေးသွင်တို့၏မိခင်ကြီးသည် ၂၀-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၁၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးတင်ဝင်း (၆၄)နှစ်
**ကြေးမုံသတင်းစာတိုက်(ငြိမ်း)**

ရန်ကုန်မြို့နေ (ဦးအောင်တင်-ဒေါ်တာ)တို့၏သား၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ အမှတ်(၂၈၄)နေ ဒေါ်ကက်သလင်း၏ခင်ပွန်း၊ ဦးအောင်ကြည်(အိုးအိမ်ဦးစီးဌာန-ငြိမ်း)၊ ဦးသိန်းထွန်း(ဖိုတိုလစ်သို-ငြိမ်း)-ဒေါ်ခင်ခင်ဝင်း(စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏ညီ၊ ဦးသောင်းအေး(စက်မှုလယ်ယာ)-မစန်းစန်းရင်(ခ)မာမာ၊ ဦးစိန်ဝင်းမောင်(စိုက်ပျိုးရေးဦးစီးဌာန-ရုံးချုပ်)-ဒေါ်မြင့်မြင့်ကြည်တို့၏အစ်ကို၊ မောင်မျိုးဝင်းထွန်း(ကြေးမုံသတင်းစာတိုက်)-မမြမြရီ၊ မောင်စိန်သောင်း-မဥမ္မာခင်၊ မညြခင်၊ မအိဖြူမောင်၊ မယွန်းပိုပိုအောင်တို့၏ဦးလေး၊ မထက်ထက်မျိုး၊ မောင်ခန့်ထက်နိုင်၊ မောင်စိုးဝင်းထွဋ်တို့၏အဘိုးသည် ၂၈-၁-၂၀၁၄(အင်္ဂါနေ့) ည ၇း၀၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်း၍ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

